မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်တော်မြို့နယ် မဟာမုနိရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအောင်မြင်ရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ၊ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်

အရည်အသွေးပြည့်ဝသည့် အတတ်ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြား တိုးတက်ပြောင်းလဲနေသည့် ပညာရပ်ဆိုင်ရာများ စဉ်ဆက်မပြတ်လေ့လာသင်ယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် ကျောင်းအုပ်ကြီး ဒေါက်တာစိုးဟေမာတို့က ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်)

ကုန်ထုတ်စွမ်းအား တိုးတက်အောင်ကြံဆောင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

ရခိုင်ပြည်နယ်သည် တောင်တန်းနှင့်သစ်တောများ ထူထပ်ပြီး ကမ်းရိုးတန်းဒေသဖြစ်သည့်အတွက် ရေခံ၊ မြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ ဆန်စပါး၊ သားငါးနှင့် ရေထွက်ပစ္စည်းများ ဖူလုံပိုလျှံပြီး စီးပွားဖြစ်ထုတ်လုပ်ရောင်းချလျက်ရှိသဖြင့် ပြည်သူများ ဝင်ငွေတိုးတက် မြင့်မားလျက်ရှိသည်။

နိုင်ငံတော်က ရခိုင်ပြည်နယ်ကို လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန် လမ်းတံတားများတိုးချဲ့ဆောက်လုပ်ပေးခဲ့သည်။ ၁၉၈၈ခုနှစ်နောက်ပိုင်း မော်တော်ကားလမ်းများအပါအဝင် ပေ၁၈၀အထက် တံတားကြီး ၂၄စင်းကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ပြည်နယ်အတွင်းရှိ တစ်မြို့ချင်းသာမက ရန်ကုန်-စစ်တွေ၊ ရန်ကုန်-ကျောက်ဖြူကားလမ်းများ ပေါ်ထွန်းလာပြီး အခြားပြည်နယ်နှင့်တိုင်းများအထိ လွယ်ကူစွာ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာပြီ ဖြစ်သည်။

ဒေသခံပြည်သူများအနေဖြင့် သဘာဝအရင်းအမြစ်များကို နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးသည့် အခွင့်အလမ်းများနှင့် ပေါင်းစပ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ နယ်မြေဒေသ ဖွံ့ဖြိုးစည်ပင်တိုးတက်နေခြင်း၏ အခြေခံသည် ငြိမ်းချမ်းသာယာခြင်းဖြစ်ရာ တိုင်းရင်းသား ပြည်သူအားလုံးက တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည် ဖြစ်သည်။

တိုင်းရင်းသားပြည်သူများက ယင်းအခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာစေရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က မှန်မြတ်သောစေတနာဖြင့် ပြည်နယ်၊တိုင်းများကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်အောင် ကြံဆောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုး တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုညာရာမဆရာတော် ဓမ္မခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဖေဖော်ဝါရီ၂၇ရက်မှမတ်၇ရက်အထိ ၁၀ရက်စခန်းပွဲ၊ မတ် ၆ရက်မှ ၁၂ရက်အထိ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ဇန်းမော်ကျေးရွာ၌ ခုနစ်ရက်စခန်းပွဲ၊၁၃ရက်မှ၂၂ရက်အထိ ပဲခူးတိုင်း ကဝမြို့နယ် လက်ပံကုန်းကျေးရွာ၌ ၁၀ရက်စခန်းပွဲနှင့် မတ်၂၄ရက်မှ ဧပြီ၃ရက်အထိ ရှမ်းပြည်နယ် ညောင်ရွှေမြို့ ရွှေကျောင်းကျောင်းတိုက်၌ ၁၀ရက် စခန်းပွဲများကို ပြည်တွင်းပြည်ပသာသနာပြု ဆရာတော် ဘဒ္ဒန္တပုညာနန္ဒ (ဗဟုဇနဟိတရေ၊ နယ်လှည့်ဓမ္မကထိက)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသ မည်ဖြစ်သည်။ သာကေတ တရားစခန်းပွဲသို့ ဝင်လိုသော ယောဂီများသည် ဖေဖော်ဝါရီ ၂၆ရက် ညနေအရောက် လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

(၈၈)ကြိမ်မြောက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ပွဲကြီးကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၁၃ရက်မှ လပြည့်နေ့အထိ (ဖေဖော်ဝါရီ၁၉ရက်မှ ၂၁ရက်အထိ) သုံးရက်တိုင်တိုင် ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးအတွင်း (ရွှေကျင်နိကာယသာသနာလင်္ကာရ ဓမ္မဗိမာန်တော်ကြီး)တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။လှူဒါန်းလိုပါက ဗိမာန်တော်၌ဖြစ်စေ၊ ဖုန်း-၇၀၉၇၇၈သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၉-၂-၂၀၀၈(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် (ဓာတုဗေဒ)
၅:၂၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၅	၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၄။	ဝတ်စားဆင်ယင်လှစေချင်
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ**(အပိုင်း-၇၃)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ)(အပိုင်း-၃၄)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့ မြေနှစ်ဧကဝယ်ယူရရှိပြီးသော မြေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်မိဘများဖြစ်သော ဦးလှသောင်း-ဒေါ်အုန်းမေ၊ ဦးမြလှိုင်-ဒေါ်ခင်ညွန့်နှင့် အစ်မကြီးဒေါ်မြင့်မြင့်လှိုင်တို့အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ် ကျီတော်လမ်း အမှတ်၄၁နေ ရဲမှူးကြီးဦးအောင်ခိုင်(ငြိမ်း)၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ရဲမှူးကြီး ဦးအောင်ခိုင်(ငြိမ်း)-ဒေါ်စန်းမြိုင်မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်သုဝဏ္ဏာလင်္ကာရ(ဘုံဘော)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး အတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ် ဘောဇနဆောင်အတွက်ဒေါက်တာမျိုးခင်-ဒေါက်တာခင်မေဦး၊ ဒေါ်နီလာခင်၊ ဒေါက်တာဇော်ဝင်းမောင် - ဒေါ်သီတာခင်၊ ဦးဘိုကြည်-ဒေါ်သဇင်ခင်၊ ဦးတင်ထွန်းတင့်-ဒေါ်ယုဇနခင် မိသားစုကမာရွတ်က ငွေကျပ် တစ်သိန်း၊ ဦးသိန်းဝင်း - ဒေါက်တာ လှလှဝင်း မိသားစု ဘောက်ထော်က ငွေကျပ်သုံးသိန်းသုံးသောင်းသုံးထောင်၊ ဦးစောမင်းဦး -ဒေါ်စန္ဒာဝင်း၊ သား စိုင်းငြိမ်းစည်သူ မိသားစု ကျောက်မြောင်းက ငွေကျပ် တစ်သိန်း၊ ဦးမြင့်ဦးနှင့်ညီများ (ရတနာထွန်း ကားဘော်ဒီနှင့်ဆေးမှုတ်လုပ်ငန်း) ကျိုက္ကဆံလမ်း တာမွေက ငွေကျပ်တစ်သိန်း၊ ဦးဘခိုင် -ဒေါ်မေလှကြည်၊ သား မောင်မောင်ကျော်၊ သမီး မညွန့်ညွန့်ခိုင်၊ မြေး အိသွယ်ဟန်၊ အေးသွယ်ဟန်(၁၁/A) မေလိခလမ်း မရမ်းကုန်းက ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်း စကားဖြူခြံနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးကိုကိုထွေး (ဥက္ကဋ္ဌ တော်ဝင် မိသားစုကုမ္ပဏီ) ၊ သီရိသုဓမ္မသီဂီဒေါ်အေးအေးသန်း၊ သား ဦးမျိုးဇော်ထွန်း-ဒေါ်ဝတ်ရည်ထွေး၊ သမီး ဒေါ်သီရိထွေး၊ မြေး မကေခိုင်မျိုး၊ မဆုသက်မျိုး မိသားစုတို့က ဘိုးဘွားများအား တစ်နေ့တာအထူးအာဟာရကျွေးမွေးရန်နှင့် ဆေးပဒေသာပင် ငွေကျပ်သိန်း၂၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လှူဒါန်း

အမှတ် ၁၃၄ ရွှေတောင်တန်းလမ်း ခုနစ်လွှာ လမ်းမတော်မြို့နယ်နေ ဦးကျော်မောင်-ဒေါ်အေးအေးသန်းနှင့် သားသမီးများက ဦးကျော်မောင်၏ (၆၃) နှစ်ပြည့် မွေးနေ့အလှူ အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးတို့ အတွက် အလှူငွေကျပ် ၂၇၉၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ဆက်ကပ်လောင်းလှူ

စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကြီး (၁၆)ကြိမ်မြောက် သံဃာတော်မြတ်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က အာရုံခံတန်ဆောင်းကြီးတွင် ပြုလုပ်ရာ ဂေါပကအဖွဲ့ဝင် ဦးသန်းနှင့် မြို့နယ် သာသနာရေးမှူး ဦးကြည်မြင့်တို့ ဆက်ကပ်လောင်းလှူကြစဉ်။

(၁၀၃)

စိတ်အမိုးမလုံက ဆင်းရဲဒုက္ခရောက်မည်

အမိုးမလုံသောအိမ်တွင်းသို့ မိုးရေမိုးပေါက် စိမ့်ဝင်ကျရောက်သကဲ့သို့ ကုသိုလ်စိတ်ကမ္မဋ္ဌာန်း ဘာဝနာစီးဖြန်းလေ့မရှိသော သူ၏စိတ်ထဲသို့ ကိလေသာရာဂ ထိုးဖောက်ဝင်ရောက်ခံရခြင်းဖြင့် ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံခံစားကြရပေမည်။

(ဓမ္မပဒ ၁၃)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံအရှေ့ စက်မှုမြို့ရှိ National Wood Industry Co., Ltd. စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမှတ်(၅) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ(ရွာသာကြီး) ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း လိုက်ပါ၍ ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်မှုလယ်ယာဦးစီးဌာန၏ အမှတ်(၅) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံ(ရွာသာကြီး)သို့ရောက်ရှိပြီး စက်ရုံအတွင်း လယ်ယာ(၂၂) ထွန်စက်အတွက် အင်ဂျင်ဘလောက်အပါအဝင်အင်ဂျင်အစိတ်အပိုင်းများနှင့် ၂၄ သွား ခါးစက်ထွန်အစိတ်အပိုင်းများထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား စက်ရုံ ရှင်းလင်းဆောင်၌ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်ရုံနှင့်စပ်လျဉ်းသည်များ၊ စက်ရုံမှ ထုတ်လုပ်ပြီး စက်ကိရိယာများကို မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ စက်မှုလယ်ယာ စက်ရုံစုနယ်မြေရှိ စက်ရုံများနှင့် မရမ်းကုန်းမြို့နယ် ကိုးမိုင်ရှိ အမှတ်(၁) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံတို့သို့ ပေးပို့ ချိတ်ဆက်၍ လယ်ယာ(၂၂) ထွန်စက်များထုတ်လုပ်နေမှု၊ ရန်ကုန်မြို့ရှိ လယ်ယာသုံးစက်ကိရိယာစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှု၊ စက်ရုံအလိုက်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လယ်ယာ(၂၂) ထွန်စက်များနှင့် စက်ကိရိယာအစိတ်အပိုင်းများကို လျာထားချက်ထက် ကျော်လွန် ထုတ်လုပ်နိုင်ရေး မှာကြားသည်။

အဆိုပါ အမှတ်(၅) လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ (ရွာသာကြီး)၌ စက်ရုံရှစ်ရုံဖြင့် လယ်ယာ (၂၂) ထွန်စက်အတွက် အင်ဂျင်ဘလောက်အပါအဝင် အင်ဂျင်အစိတ်အပိုင်းများနှင့် (၂၄)သွား ခါးစက်ထွန်း အစိတ်အပိုင်းများကို အဓိကထား ထုတ်လုပ်ပေးလျက်ရှိသည်။ စက်မှုလယ်ယာဦးစီးဌာနသည် ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း လယ်ယာ(၂၂) ထွန်စက် စီးရေ ၆၀၀၀ ထုတ်လုပ်ရန်လျာထားသည့်အနက် စီးရေ ၅၀၀၀ ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရှိရသည်။

ညွှန်ကြားချက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံအရှေ့ စက်မှုမြို့သို့ ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ စက်မှုမြို့ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းဆွေက လည်ပတ်စက်ရုံ ၂၉ ရုံမှ စားသောက်ကုန်၊ သစ်တော၊ စက္ကူနှင့် စာရေးကိရိယာ၊ လူသုံးကုန်၊ သံနှင့် သံမဏိ၊ ယာဉ်နှင့် စက်ကိရိယာအပါအဝင်သွင်းကုန်အစားထိုး ထုတ်လုပ်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒိုင်းမွန်းစတား ဂျုံအမှုန့်ကြိတ်စက်ရုံ၊ မြန်မာစတား(စိန်၊ ငွေ၊မြ) ငါးပုစွန်အစာစပ်စက်ရုံ၊ Top Choice ဗလာစာအုပ်နှင့် စာရေးကိရိယာစက်ရုံ၊ Summit Plastics စက်ရုံနှင့် National Wood. Industry Co., Ltd. ၏သစ်အချောထည်စက်ရုံတို့သို့ လှည့်လည်ကြည့်ရှုသည်။

(သတင်းစဉ်)

သံအမတ်ကြီးဦးသောင်းထွန်းအား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသောင်းထွန်းအား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၂-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ ဒွန်ဘန်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆:၅၅ ၅။ ခံစားနားဆင် တေးဇာတ်ဝင်
၁၇:၀၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၇။ ညနေခင်းသတင်း
၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၉။ ကြယ်ပွင့်များရဲ့ရှင်ခုန်သံ
၁၈:၅၀ ၁၀။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၁၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်.... ချစ်တယ်** (အပိုင်း-၁)
၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း-၅)
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀ - ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅ "ပုံချိန်တန်ပုံပါ" တရားတော် (အပိုင်း-၁) [ဘဒ္ဒန္တခေမာစာရ အောင်ခေမာဆရာတော်]
၈:၀၀ - ၂:၀၀ ပုခန်းကြီး ရွှေဟောင်းကျောင်းတော်ကြီး
၈:၁၀ - ၂:၁၀ တေးဂီတအစီအစဉ်
၈:၁၅ - ၂:၁၅ Sunday Talk
၉:၁၅ - ၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ - ၃:၂၅ ဆံတော်ရှင်ထံပူဇော် (ဆီမီး၅၀၀၀)အလှူတော် (ကျောက်ကုန်းစိန်မိုက်ကယ်) ကျောင်းသားကျောင်းသူဟောင်းများ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
၉:၄၀ - ၃:၄၀ တေးဂီတအစီအစဉ်
၉:၄၅ - ၃:၄၅ Yangon Panorama အထက(၂)ရန်ကင်း
၉:၅၅ - ၃:၅၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၀၀ - ၄:၀၀ Say it in English(2)
၁၀:၁၅ - ၄:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ - ၄:၂၀ မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ - ၄:၂၅ **နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၀:၄၀ - ၄:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ - ၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅ - ၄:၅၅ Biz Net
၁၁:၁၀ - ၅:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ - ၅:၁၅ လေးပါးဆေးအမယ် ပေါင်းစုယူ ဆေးစတုမဂ္ဂ
၁၁:၃၅ - ၅:၃၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၄၀ - ၅:၄၀ ဆန်းသစ်အလှတိုးရွှေချည်ထိုး
၁၂:၀၀ - ၆:၀၀ တေးဂီတအစီအစဉ်
၁၂:၀၅ - ၆:၀၅ အမျိုးသားဆေးပညာ အမွေပေးရာ တိုင်းရင်းဆေးတက္ကသိုလ်(အပိုင်း-၁)
၁၂:၃၅ - ၆:၃၅ Music Gallery (တေးသံရှင်ရဲ့တေးလက်ဆောင်)
၁:၀၀ - ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၃၀	Olyampiokos-Chelsea	Star Sports (Live)
၂:၀၀	Liverpool-Inter Milan	ESPN (Live)
၄:၃၀	Roma-Real Madrid	ESPN (SDD)

သမ္မတဘုရှ်၏ အာဖရိကခရီး တန်ဇန်းနီးယားတွင် ကန့်ကွက်ဆန္ဒပြ

ဒါရက်စလမ် ဖေဖော်ဝါရီ ၁၈

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်(ယာဖုံ) လာရောက်လည်ပတ်သည့် ခရီးကို ကန့်ကွက်သည့်အနေဖြင့် တန်ဇန်းနီးယားနိုင်ငံသား ၂၀၀၀ခန့်တို့က မြို့တော်ဒါရက်စလမ် လမ်းမကြီးများပေါ်သို့ ချီတက်ဆန္ဒပြကြသည်။

ကြွေးကြော်ချီတက်

ဆန္ဒပြသမားများသည် မြို့လယ်မှ အမေရိကန်သံရုံးတည်ရှိရာ မြို့တောင်ပိုင်းသို့ သမ္မတဘုရှ်၏ ခရီးစဉ်ကို ဆန့်ကျင်ကြွေးကြော်လျက် ချီတက်လာကြသည်။

သို့သော် လမ်းခရီးမှာပင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းလွှဲပေးလိုက်သဖြင့် သံရုံးသို့မရောက်ကြတော့ပေ။ သမ္မတဘုရှ်ကို ကြိုဆိုသည့် အထိမ်းအမှတ်လွှင့်ထူထားသော အမေရိကန်အလံများကိုဆွဲချပြီး မီးရှို့ပစ်လိုက်ကြသည်။ ထိုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတားဆီးသဖြင့် အဓိကရုဏ်းမဖြစ်တော့သော်လည်း အသွားအလာများ ပိတ်ကုန်သည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်၌ ဓာတ်ငွေ့တင်ယာဉ်ပေါက်ကွဲမှု သုံးဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိ

ဒါကာ ဖေဖော်ဝါရီ ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆာဗာမြို့တွင် ဓာတ်ငွေ့ရည်တင်ဆောင်လာသော ကုန်တင်ကားတစ်စီး ဖေဖော်ဝါရီ ၁၇ရက်က ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါဓာတ်ငွေ့ရည်များ တင်ဆောင်လာသော ထရပ်ကားသည် ဓာတ်ငွေ့အရောင်းဆိုင်၌ ဓာတ်ငွေ့များ ဖြည့်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ပေါက်ကွဲ

ဓာတ်ငွေ့တင်ယာဉ် ပေါက်ကွဲမှု ဖြစ်သော အချိန်သည် လူစည်ကားရာ အချိန်ဖြစ်သဖြင့် လူသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သေဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဓာတ်ငွေ့တင်ယာဉ်များ ပေါက်ကွဲမှု မကြာခဏဖြစ်ပွားလျက်ရှိရာ ၂၀၀၇ ခုနှစ်က ဓာတ်ငွေ့ယာဉ်ပေါက်ကွဲမှုကြောင့် စုစုပေါင်း ၅၀ကျော် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ယူအေအီး၌ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး သတင်းပေးမှုစနစ် တပ်ဆင်မည်

အဘူဒါဘီ ဖေဖော်ဝါရီ ၁၈

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် မော်တော်ယာဉ်မောင်းနှင်မှုဆိုင်ရာ သတင်းပေးစနစ်များ တပ်ဆင်အသုံးပြုတော့မည်ဖြစ်ကြောင်း ယူအေအီး သယ်ယူပို့ဆောင်ရေးအရာရှိများက ဖေဖော်ဝါရီ ၁၈ရက်၌ ပြောကြားသည်။

ဒူဘိုင်းမြို့၌ နောက်ထပ် ငါးနှစ်အတွင်း လမ်းများတွင် ပြည့်စုံကောင်းမွန်သော လုံခြုံရေးစနစ် တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရှိန်ပြင်းစွာမောင်းနှင်မှု၊ စည်းကမ်းဖောက်ဖျက်မှုတို့အတွက် သတင်းပေးမှုစနစ်များကို တိုးချဲ့ တပ်ဆင်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

တပ်ဆင်ထားရှိ

ထို့အတူ မော်တော်ကားလမ်းများ၏ အရည်အသွေး တိုးတက်စေရန်လည်းအဆင့်မြင့်နည်းပညာများ အသုံးပြု ဖောက်လုပ်သွားမည် ဖြစ်သည်။ ယခုကဲ့သို့ မော်တော်ယာဉ်လုံခြုံမှု စနစ်တပ်ဆင်ထားရှိခြင်းသည် ယာဉ်မတော်တဆဖြစ်မှုကိုလည်း ကာကွယ်ပေးနိုင်သည်။

တစ်ဖန် အဆိုပါလုံခြုံရေးစနစ်များကို မော်တော်ယာဉ်တိုင်းတွင် တပ်ဆင် အသုံးပြုသွားမည်ဖြစ်ပြီး ယာဉ်မတော်တဆဖြစ်မှုကို အကာအကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

ရေနံချက်စက်ရုံ

ဘာရာဇီးနိုင်ငံရှိ ရေနံချက်စက်ရုံ တစ်ရုံကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နှင့်ချက်သမ္မတနိုင်ငံတို့ ကုန်သွယ်မှုတိုးတက်

ပေကျင်း ဖေဖော်ဝါရီ ၁၈

တရုတ်နှင့်ချက်သမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုတိုးတက်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၀၇ခုနှစ်က နှစ်နိုင်ငံကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၉ဘီလီယံအထိ ရှိခဲ့ကြောင်း ပေကျင်းရှိ ချက်သမ္မတနိုင်ငံမှ အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၆ရက်၌ ပြောကြားသည်။

တိုးတက်

၂၀၀၇ခုနှစ်က တရုတ်မှ ချက်သမ္မတနိုင်ငံသို့ ကုန်ပစ္စည်းတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ဘီလီယံရှိခဲ့ကြောင်း၊ ထိုပမာဏမှာ ၂၀၀၆ခုနှစ်ကထက် ၆၁ ဒသမ၁ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါပမာဏမှာ ချက်သမ္မတနိုင်ငံသို့ တင်သွင်းသော ကုန်ပစ္စည်းများ၏ ငွေကြေးပမာဏ စုစုပေါင်း၏ ၇ ဒသမ ၈ရာခိုင်နှုန်းသာ ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ချက်သမ္မတနိုင်ငံသို့ တင်သွင်းသော ကုန်ပစ္စည်းများမှာ အီလက်ထရွန်နစ်ပစ္စည်းများ၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ ရှူးဖိနပ်များ၊ ကစားစရာအရုပ်များနှင့် မှန်များဖြစ်သည်။

တင်ပို့

ချက်သမ္မတနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ၂၀၀၇ခုနှစ်က အမေရိကန်ဒေါ်လာ သန်း ၇၀၀ခန့် ရှိခဲ့သည်။ ယင်းမှာ ၂၀၀၆ခုနှစ်ကထက် ၇၃ ဒသမ ၇ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြင်သစ်နိုင်ငံဆိပ်ကမ်း၌ ဒိန်းမတ်နိုင်ငံ ဟမ်လ်ဆင်ဂေါဗာအာ့တ် သင်္ဘောကုမ္ပဏီက ၁၉၈၁ ခုနှစ်တွင် တည်ဆောက်ခဲ့သော အိုးရှင်းဘရိဇ် သင်္ဘော ဆိုက်ကပ်ထားသည်ကို ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

တော်လိုက်တဲ့ အရောင်းသမား....

စတိုးဆိုင်ကြီးတစ်ဆိုင်တွင် ပထမဆုံးနေ့ အလုပ်စဆင်းသည့် အရောင်းစာရေးတစ်ဦးအား ညနေပိုင်းဆိုင်သိမ်းချိန်၌ ပိုင်ရှင်ရောက်လာပြီး မေးလေသည်။

ဆိုင်ပိုင်ရှင် ။ ။ ဒီနေ့ရောင်းရတာ အဆင်ပြေရဲ့လား။
အရောင်း ။ ။ ဟုတ်ကဲ့။
ဆိုင်ပိုင်ရှင် ။ ။ ဘယ်လောက်ဖိုး ရောင်းရလဲ။
အရောင်း ။ ။ ဒေါ်လာတစ်သိန်းဖိုးပါ။
ဆိုင်ပိုင်ရှင် ။ ။ ဟာ...တယ်ဟုတ်ပါလား ဘယ်လိုနည်းနဲ့ ရောင်းတာလဲ။
အရောင်း ။ ။ တစ်မျိုးရောင်းတိုင်း နှစ်မျိုးအလကားပေးလိုက်ပါတယ်။
ဆိုင်ပိုင်ရှင် ။ ။ ''ဟေ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ပါကစ္စတန်၌ လက်နက်ကိုင်များက မဲရုံများ ဖျက်ဆီး ရွေးကောက်ပွဲကော်မရှင်က မဲရုံဖျက်ဆီးခံရသည့်ဒေသ၌ ရက်ရွှေ့

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ ဝါဇီရီစတန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၇ရက်က လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက မဲရုံသုံးရုံကို ဖျက်ဆီးပစ်ခဲ့ကြကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

မဲရုံများ ဖျက်ဆီးခံရသည့်နေရာမှာ ဝါဇီရီစတန်ပြည်နယ်တောင်ပိုင်း လူမျိုးစုများနေထိုင်ရာ ခဟာမြို့၌ဖြစ်ကြောင်း၊ မဲရုံ သုံးရုံပျက်စီးသွားကြောင်း ရဲအရာရှိများက ပြောကြားသည်။

တိုးမြှင့်ချထား

ထိုသို့မဲရုံများ ဖျက်ဆီးခံရမှုကြောင့် ဝါဇီရီစတန်ပြည်နယ်တောင်ပိုင်း၌ ရွေးကောက်ပွဲကော်မရှင်က မဲပေးမှုရက်ကို ရွှေ့ဆိုင်းခဲ့ရကြောင်း၊ ထို့ပြင်လုံခြုံရေးကို နှစ်ဆတိုးမြှင့်ချထားရသည်ဟု ရဲအရာရှိများက ပြောကြားသည်။

တင်းကျပ်

ထို့ပြင် ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ မဲရုံပေါင်း ၁၂၀၀၀ ကိုလည်း လုံခြုံရေးအထူးတိုးမြှင့်ချထားကြောင်း၊ စစ်ဆေးမှုများကိုလည်း တင်းကျပ်စွာ လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

ပါကစ္စတန်၌ ရွေးကောက်ပွဲ ကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ များစွာဖြစ်ပေါ်လာနိုင်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၅ရက်က ငလျင်လှုပ်ခဲ့ပြီးနောက် ဒေသခံများက အပျက် အစီးများအား ရှင်းလင်းဖယ်ရှားနေသည်ကို တွေ့ရ စဉ်။ (အင်တာနက်ဓာတ်ပုံ)

19-2-08(4).pmd 1 2/19/2008, 12:28 AM

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

သရုပ်ပြကွက်

ထိုင်းနိုင်ငံ အယုဒ္ဓယမြို့တွင် ဖေဖော်ဝါရီ ၁၇ရက်က ဆင်တစ်ကောင်၏ပါးစပ်အတွင်း ဦးခေါင်းထည့်သွင်းကာ ဤသို့ အသည်းယားဖွယ် သရုပ်ပြမှုတစ်ကွက်ကို မြင်တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဂျာမနီနိုင်ငံအနောက်ပိုင်း ဒေါ့မွန်မြို့တွင် ဖေဖော်ဝါရီ ၁၇ရက်က အန္တရာယ်ရှိသော သက်တမ်းရင့် အဆောက်အအုံတစ်လုံးကို အဝေးထိန်းစနစ်ဖြင့် ဤသို့ ဖောက်ခွဲဖြိုချခဲ့သည့် မြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

မကျွမ်းကျင်ဘဲ အရဲစွန့်ခဲ့ပါလျှင်....

ပီရူးနိုင်ငံ လီမာမြို့ဆိပ်ကမ်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က လူငယ်တစ်ဦး သေဆုံးခဲ့ရကြောင်း လီမာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

တွေ့ရှိခဲ့

အခင်းဖြစ်ပွားမှုမှာ ကီပက်ခ်အမည်ရှိ အသက် ၂၀ အရွယ် လူငယ်တစ်ဦးသည် ရွယ်တူသူငယ်ချင်းများနှင့်အတူ လီမာဆိပ်ကမ်း၌ ရေကူးကစားခဲ့ကြသည်။ ကီပက်ခ်သည် ရေကို ကျွမ်းကျင်စွာ မကူးတတ်သော်လည်း သူငယ်ချင်းများနှင့်အပြိုင် ရေကူးပြိုင်တမ်းကစားနေရာမှ ရေနက်ပိုင်းအရောက်တွင် ရေနစ်သွားခဲ့သည်။ ရေကူးတတ်သော အခြားသူငယ်ချင်းများက အမြန်သွားရောက်ကယ်ဆယ်ပါသော်လည်း ရေအောက်သို့ နစ်မြုပ်ကာ ရှာမတွေ့တော့ဘဲ နောက်ပိုင်း၌ အလောင်းကိုသာ တွေ့ရှိခဲ့ရတော့သည်။

အရဲစွန့်

ထို့ကြောင့် ဤအဖြစ်အပျက်သည် မိမိမကျွမ်းကျင်သော ရေကူးခြင်းကို အရဲစွန့်ပြုလုပ်သဖြင့် အသက်သေဆုံးခဲ့ရသည်မှာ သင်ခန်းစာယူစရာပင်....။

မောင်မောင်မြင့်ဆွေ

ထိုင်းတွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

ဗန်ကောက် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံ မီးရထားရဲအဖွဲ့သည် နိုင်ငံ၏မြောက်ပိုင်း ချင်းမိုင်မြို့မှ မြို့တော်ဗန်ကောက်သို့ ဦးတည်မောင်းနှင်လာသော ရထားတစ်စင်းပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

သတင်းထုတ်ပြန်

ထိုင်းမီးရထား ရဲအဖွဲ့သည် ရရှိထားသော သတင်းများအရ ချင်းမိုင်မှ ဗန်ကောက်သို့ ထွက်ခွာလာသည့် ရထားပေါ်တွင် ရှာဖွေခဲ့ကြောင်း၊ ထိုသို့ရှာဖွေရာမှ ခရီးသည်တစ်ဦး၏ ထိုင်ခုံအပေါ်ရှိ စင်ပေါ်မှ အိတ်ဖြင့် သေချာစွာထုပ်ပိုးထားသော အဆိုပါ စိတ်ကြွဆေးပြားများကို တွေ့ရှိခဲ့ရကြောင်း ထိုင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယူဆရ

သို့သော်လည်း အဆိုပါ စိတ်ကြွဆေးပြားများနှင့် ပတ်သက်သူကို ဖမ်းဆီးရမိခြင်း မရှိပေ။ အဆိုပါဆေးပြားများ တွေ့ရှိရာ နေရာအနီးတွင် ခရီးသည်တစ်ဦးမျှ စီးနင်းလိုက်ပါခဲ့ခြင်း မရှိသော်လည်း ရဲအဖွဲ့အနေဖြင့် ယင်းအိတ်မှ လက်ဗွေရာများကို ရယူနိုင်ခဲ့ပြီး ခြေရာခံနိုင်မည်ဟု ယူဆရကြောင်း သတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယူနန်ပြည်နယ်၌ နှင်းမုန်တိုင်းတိုက်ခတ်မှု ခရီးသည် ၁၂၀၀၀ကျော် ဘေးဒုက္ခခံခဲ့ကြရ

ကူမင်း ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဆီးနှင်းများ အဆက်မပြတ်ကျပြီး ရာသီဥတုဆိုးရွားမှုကြောင့် ဖေဖော်ဝါရီ ၁၇ ရက် တစ်ရက်တည်း၌ပင် အဝေးပြေးလမ်းမကြီး၏ ခရီးအရှည် ကီလိုမီတာ ၁၄၀၀၀ ခန့် ဆီးနှင်းများပိတ်ဆို့မှု ဖြစ်ပွားခဲ့သည့်အပြင် ခရီးသည် ၁၂၀၀၀ ကျော်သည် ယင်းဒုက္ခကို ခံစားခဲ့ရကြောင်း ပြည်နယ်ပို့ဆောင်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပျက်စီး

လွန်ခဲ့သည့် ဇန်နဝါရီလကတည်းက ယူနန်ပြည်နယ်တွင် နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး ယင်းပြည်နယ်၏ မြောက်ပိုင်းလမ်းများမှာ အကြီးအကျယ်ပျက်စီးခဲ့သည်။

တရုတ်နိုင်ငံတွင် ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်အတွင်း အမြန်လမ်းအရှည် ၂၆၅ ကီလိုမီတာ၊ အဝေးပြေးလမ်းအရှည် ကီလိုမီတာ ၅၀၀၀ ကျော် အပါအဝင် ကားလမ်းအရှည် စုစုပေါင်းကီလိုမီတာ ၁၄၀၀၀ ပျက်စီးခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

တန်ရာတန်ကြေး ပေးဆပ်ရမည်သာ

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

နယူးယောက်မြို့သည်အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ နယူးယောက်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ယင်းပြည်နယ်၏ အရှေ့တောင်ပိုင်းတွင် တည်ရှိသည်။ လူဦးရေ ၁၈သန်းကျော် နေထိုင်ပြီး စည်ကားလှသော မြို့ကြီးတစ်မြို့ ဖြစ်သည်။ နယူးယောက်မြို့တွင် ဘရွန့်စ်၊ ဘရွတ်ကလင်း၊ မန်ဟက်တန်၊ ကွီးစ်၊ စတာတင်အိုင်းလန်းဟူ၍ ဒေသကြီး ငါးခု ပါဝင်သည်။

တရားစွဲဆိုခံရဖွယ်

နယူးယောက်မြို့ မန်ဟက်တန်အရပ်တွင် နေထိုင်သူ ဝေါလ်တာ အဒမ်၏ ဇနီး စိတ်ရောဂါကုဆရာဝန် ကက်သရင်းဖော်ဂီသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ၁၂ ရက်က သူ၏ဆေးခန်းတွင် ရက်စက်စွာ အသတ်ခံခဲ့ရသည်။ ယင်းအသတ်ခံရမှုနှင့် ပတ်သက်၍ အသက် ၃၉ နှစ်အရွယ်ရှိ ဒေးဗစ်တာလော့ဖ်**(အပေါ်ယာပုံ)** ဆိုသူကို ဖေဖော်ဝါရီ၁၆ ရက်က ဖမ်းဆီးခဲ့သည်။ ထို့နောက် အခင်းဖြစ်ရပ်မှ တွေ့ရှိရသည့် လက်ဗွေရာများနှင့် သူ၏ လက်ဗွေရာများကို တိုက်ဆိုင် စစ်ဆေးကြည့်ခဲ့ကြသည်။ ဒေးဗစ်သည် လူသတ်မှုနှင့် လူသတ်ရန် ကြိုးစားမှုတို့ဖြင့် တရားစွဲဆိုခံရဖွယ်ရှိသည်။

အရည်အချင်းမပြည့်မီ

ဒေးဗစ်တာလော့ဖ်တွင် မိခင်ကြီးနှင့် ရောဘတ်လော့ဖ်ဆိုသူ အစ်ကိုတစ်ဦးရှိသည်။ ဒေးဗစ်သည် ငယ်စဉ်က ပညာရေးတွင် တစိုက်မတ်မတ် ကြိုးစားခဲ့သည်။ ထို့ကြောင့် ဒေးဗစ်သည် တက္ကသိုလ်သို့ ဆက်တက်နိုင်ခဲ့သည်။ သို့သော်လည်း ဘွဲ့ရသည်အထိ မတက်ရောက်ခဲ့ပေ။ မိဘများက ဆက်တက်ရန် ဖျောင်းဖျခဲ့သော်လည်း ပညာရေးကို စိတ်မဝင်စားတော့သော ဒေးဗစ်သည် ပညာရေးနှင့် ဝေးခဲ့ရသည်။ ပညာတစ်ပိုင်းတစ်စနှင့် ဒေးဗစ်သည် အလုပ်ကြမ်း မလုပ်နိုင်သကဲ့သို့ ပညာရေး အရည်အချင်းနှင့် လုပ်ကိုင်သော လုပ်ငန်းများကို လုပ်ကိုင်ရန်လည်း အရည်အချင်း မပြည့်မီပြန်ပေ။ ထိုအခါ ဒေးဗစ်အနေဖြင့် အလုပ်လက်မဲ့ဘဝ ဖြစ်နေခဲ့သည်။ သူ၏ မိခင်သည် သူနာပြုဆရာမတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်နေသူဖြစ်ပြီး အစ်ကိုဖြစ်သူ ရောဘတ်တာလော့ဖ်မှာ ကုန်သည်တစ်ဦးဖြစ်သဖြင့် သူ့အနေဖြင့် အလုပ်လက်မဲ့ဖြစ်နေသော်လည်း စားဝတ်နေရေး မပူရတော့ပေ။

အသက်ရှူမှား

ဒေးဗစ်သည် ငယ်စဉ်ကတည်းက အေးချမ်းစွာနေတတ်သကဲ့သို့ မိဘများနှင့် အစ်ကိုအပေါ်တွင်လည်း ရိုသေလေးစားသူဖြစ်ပြီး မိတ်ဆွေများနှင့်လည်း လိုက်လျောညီထွေဆက်ဆံတတ်သူဖြစ်ကာ ပတ်ဝန်းကျင်တွင်လည်း မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ဖူးခြင်း မရှိပေ။ ယခုကဲ့သို့ ဒေးဗစ်အနေဖြင့် လူသတ်မှုမသင်္ကာဖြင့် ဖမ်းဆီးခံရသောအခါ ဒေးဗစ်၏ အိမ်နီးချင်းဖြစ်သော ဗီလစ်ဇီရာမန်းဆိုသူ အမျိုးသမီးက သူ့အနေဖြင့် မယုံနိုင်လွန်းသောကြောင့် အသက်ရှူ မှားလောက်အောင်ပင် ကြက်သေသေသွားခဲ့ရသည် ဆိုသည်။

ထွက်ခွာရန်စီစဉ်ခဲ့

ဒေးဗစ်သည် လူသတ်မှုမသင်္ကာဖြင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က သူ၏ တိုက်ခန်းတွင် ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် ၃၅ မိနစ်အကြာ စစ်ဆေးမှုပြုလုပ်စဉ်အတွင်း အပြစ်ကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။ သူ့အား လွန်ခဲ့သော ၁၉၉၁ ခုနှစ်အတွင်းက ဒေါက်တာကင့်ရှင်ဘက်ချ်က ဆေးကုသကာ ဆေးရုံတက်ရန် ညွှန်ကြားခဲ့ဖူးသောကြောင့် ထိုစဉ်ကတည်းက ဒေါက်တာကင့်၏ ဆေးခန်းအနီးတွင် ဆေးခန်းဖွင့်သော ဒေါက်တာကက်သရင်းကို လုယက်ရန် ကြံစည်ခဲ့ပြီး အောင်မြင်ပါက သူနှင့်အတူနေထိုင်ပြီး သူနာပြုဆရာမအဖြစ် လုပ်ကိုင်နေသူ မိခင်နှင့် အမေရိကန်နိုင်ငံမှ ထွက်ခွာရန် စီစဉ်ခဲ့သည်ဟု ဒေးဗစ်က ပြောကြားခဲ့သည်။

ထွက်ပြေးလွတ်မြောက်

ဒေးဗစ်၏အစ်ကိုဖြစ်သူ ရောဘတ်ကမူ အကယ်၍သာ သူ၏ညီ ဒေးဗစ်သည် လူသတ်မှုကို ကျူးလွန်ခဲ့ပါက အသတ်ခံရသူနှင့် သူ၏ မိသားစု၊ မိတ်ဆွေများအတွက် သူ့အနေဖြင့် နက်နက်နဲနဲ ဝမ်းနည်းခံစားရကြောင်း ပြောကြားခဲ့သည်။ အခင်းဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ၁၂ ရက် ည ၈နာရီအချိန်တွင် ဒေးဗစ်သည် တံခါးစောင့်အား ဒေါက်တာကင့်ရှင်ဘက်ချ်နှင့် ချိန်းဆိုထားသည်ဆိုကာ ရောက်လာသည်ဟု ဆို၏။ ထို့နောက် ကင့်ရှင်ဘက်ချ်ကို တွေ့ရန် စောင့်နေသော အမျိုးသမီး လူနာတစ်ဦးထိုင်နေရာ ဧည့်ခန်းတွင် ထိုအမျိုးသမီး ကင့်ရှင်ဘက်ချ်၏ အခန်းတွင်းသို့ ဝင်သွားသည်အထိ စောင့်နေခဲ့သည် ဆိုသည်။ ထိုအမျိုးသမီး ကင့်ရှင်ဘက်ချ်၏ အခန်းအတွင်းသို့ ဝင်သွားချိန်တွင် ယင်းအခန်းဘေးရှိ ဒေါက်တာ ကက်သရင်းဖော်ဂီ၏ အခန်းတွင် ဝင်ရောက် ထိုးခုတ်သတ်ဖြတ်ခဲ့သည်။ ဖော်ဂီ၏ အသံကြောင့် အကူအညီပေးရန်ရောက်လာသော ကင့်ရှင်ဘက်ချ်ကိုလည်း ဒေးဗစ်က ဒဏ်ရာပြင်းထန်စွာရစေခဲ့ပြီး ဒေါ်လာ ၉၀ ကိုရယူခဲ့ကာ နံရံတွင် ကုလားထိုင်နှင့် ချည်နှောင်ထားခဲ့သည်။ ကင့်ရှင်ဘက်ချ်၏ ဧည့်သည်အမျိုးသမီးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

သတိပြု ဆင်ခြင်သင့်

ဤဖြစ်ရပ်တွင် မိခင်အားမှားယွင်းသောနည်းလမ်းဖြင့် ကျေးဇူးဆပ်ချင်သော ဒေးဗစ်၏ လုပ်ရပ်ကို အတုမယူမိစေရန်နှင့် ထောင်တွင်း၌ နှစ်ပေါင်းမည်မျှ ပြစ်ဒဏ်ကျခံရမည်ကို မသိသေးသော ဒေးဗစ်၏ တန်ရာတန်ကြေး ပေးဆပ်ရမည့်အဖြစ်ကို မှုခင်းဖြစ်ရပ်အဖြစ် အခန်းဆက် တင်ပြလိုက်ရပါကြောင်း။ ။

ဒေးဗစ်သည် ငယ်စဉ်ကတည်းက အေးချမ်းစွာနေတတ်သကဲ့သို့ မိဘများနှင့် အစ်ကိုအပေါ်တွင်လည်း ရိုသေလေးစားသူဖြစ်ပြီး မိတ်ဆွေများနှင့်လည်း လိုက်လျောညီထွေ ဆက်ဆံတတ်သူဖြစ်။

ကွန်ဂရက်အမတ်ဂျွန်လူဝီ အိုဘားမားကို ပြောင်းလဲထောက်ခံ သေနတ်ကိုင်ဆောင်ခွင့် ဟီလာရီ ထောက်ခံအားပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

အမေရိကန်လူလတ်တန်းစားကို ကိုယ်စားပြုပြီး လူလတ်တန်းစားတို့ဘက်မှ ရပ်တည်ကာကွယ်ပေးမည့်သူအဖြစ် ကြေညာထားသည့် ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က ပြိုင်ဘက်ဖြစ်သူ အထက်လွှတ်တော်အမတ် အိုဘားမားအား ရုပ်မြင်သံကြားစကားစစ်ထိုးပွဲ ပြုလုပ်ရန်နှင့် ပတ်သက်၍ ရှောင်တိမ်းလျက်ရှိကြောင်း စွပ်စွဲလိုက်သည်။

မဲဆွယ်စည်းရုံး

ဖေဖော်ဝါရီ ၁၉ရက်တွင် ဒီမိုကရက်တစ်ပါတီရော ရီပတ်ဘလီကင်ပါတီမှ အမေရိကန်သမ္မတလောင်းဖြစ်ရေး အကြိုရွေးကောက်ပွဲများကို ဝစ္စကွန်ဆင်ပြည်နယ်၌ ယှဉ်ပြိုင်ကြရမည်ဖြစ်သဖြင့် မဲဆွယ်စည်းရုံးလျက်ရှိစဉ် အထက်ပါအတိုင်း စွပ်စွဲပြောကြားခြင်း ဖြစ်သည်။

ထောက်ခံမဲပေး

ထိုအတောအတွင်း ယခင်က ဟီလာရီကလင်တန်ကို ထောက်ခံသူ လူ့အခွင့်အရေးခေါင်းဆောင် ဂျော်ဂျီယာပြည်နယ် ကွန်ဂရက်အမတ်ဖြစ်သူ ဂျွန်လူဝီက ဩဂုတ်လကုန်ပိုင်းတွင် ကော်လိုရာဒိုပြည်နယ် ဒင်မာ၌ပြုလုပ်မည့် ဒီမိုကရက်တစ်ပါတီညီလာခံ တက်ရောက်လာသောအခါ ညီလာခံအထူး ကိုယ်စားလှယ်အဖြစ် ဘာရက်အိုဘားမားကို ထောက်ခံမဲပေးမည်ဖြစ်ကြောင်း ကြေညာသည်ဟု နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြသည်။

ဝေဖန်ရေးသား

ဟီလာရီကလင်တန်က အမေရိကန်လူလတ်တန်းစား ကိုယ်စားပြု စည်းရုံးလှုံ့ဆော်နေစဉ်တွင် အထက်လွှတ်တော်အမတ် အိုဘားမားသည် နောင်တစ်ချိန်တွင် လုပ်ကိုင်ဆောင်ရွက်မပေးနိုင်သည်တို့ကို မစားရ ဝခမန်း စည်းရုံးပြောဆိုနေကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ချားလ်ခရော သမ်မာက ဝေဖန်ရေးသားလိုက်သည်။

အံ့အားသင့်

ဟီလာရီကလင်တန်က အမဲလိုက်ခလေ့ကျွမ်းသည်ကို ဝစ္စကွန်ဆင်ပြည်နယ် မဲဆွယ်စည်းရုံးရာ၌ အမေးအဖြေခန်းတွင် သူကိုယ်တိုင် အမဲလိုက်ထွက်ခဲ့ဖူးကြောင်း ဖြေကြားလိုက်သည့်အခါ ပရိသတ်မှာ အံ့အားသင့်သွားကြသည် ဆို၏။

ပြောကြား

ထို့နောက် ရာဇဝတ်မှု ကျူးလွန်ဖူးသူနှင့် စိတ်မနှံ့သူမှအပ သေနတ်ကိုင်ဆောင်ခွင့်ကို ထောက်ခံကြောင်း ဟီလာရီကလင်တန်က ပြောကြားလိုက်သည်။

(အင်တာနက်)

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်နှင့် အိုဘားမား။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်ဒေါ်လာ သန်း၆၀ကျော်ဖိုး အီရတ်ပြည်သူများအတွက် တူရကီထောက်ပံ့

အန်ကာရာ ဖေဖော်ဝါရီ ၁၈

အီရတ်ပြည်သူများအတွက် တူရကီနိုင်ငံမှ ၈၅တန်ခန့်ရှိသည့် ဆေးဝါးနှင့် အခြားပစ္စည်းများကို ကုန်တင်ယာဉ် ခုနစ်စီးဖြင့် ထောက်ပံ့ပေးပို့ကြောင်း ဖေဖော်ဝါရီ ၁၅ရက်တွင် အနာတိုလီရာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

အီရတ်စစ်ပွဲကြောင့် ဖရိုဖရဲဖြစ်နေသည့် မိုဆူးလ်မြို့သို့လည်း တူရကီမှ ပို့ဆောင်ရေး ယာဉ်တစ်စီးနှင့် အမှုထမ်းသုံးဦး ထပ်မံစေလွှတ်ခဲ့သည်။

တွေ့ကြုံခံစား

ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ပွားကတည်းက နှစ်ပေါင်း ၂၀ နီးပါးမျှ အီရတ်ပြည်သူများ ဘေးဒုက္ခများ တွေ့ကြုံခံစားခဲ့ရသည်။ တူရကီနိုင်ငံအနေဖြင့် ၎င်းပြည်သူပြည်သားများအတွက် အမေရိကန်ဒေါ်လာ သန်း ၆၀ကျော် ပံ့ပိုးပေးခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများအား စစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂါဇာမှ အီဂျစ်သို့ ဒုံးကျည်ဖြင့် ပစ်ခတ် အဆောက်အအုံတစ်ခုထိမှန်ပြီး ပျက်စီး

ကိုင်ရို ဖေဖော်ဝါရီ ၁၈

ဂါဇာနှင့် အီဂျစ်နယ်စပ်ကို ဖြတ်ကျော်ကာ အီဂျစ်နိုင်ငံအတွင်းသို့ ဖေဖော်ဝါရီ ၁၇ရက်က ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးမှုများရှိခဲ့ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

အဆိုပါဒုံးကျည်သည် ရာဖာလ်အရပ်ကို ဖြတ်ကျော်ကာ အီဂျစ်နိုင်ငံနယ်စပ်ရှိ မြို့တစ်မြို့မှ အဆောက်အအုံတစ်ခုကို ထိမှန်ခဲ့ရာ ယင်းအဆောက်အအုံ ပျက်စီးခဲ့သည်။

ပါလက်စတိုင်း လက်နက်ကိုင်များကမူ ထိုသို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုမှာ မတော်တဆ တိုက်ဆိုင်မှုတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့ ဒုံးကျည်ကို ပြင်ဆင်မှုများ ပြုလုပ်နေစဉ် မတော်တဆ ကျည်ထွက်သွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်း ရာဖာလ်မြို့အနီး၌ အစ္စရေးတပ်ဖွဲ့ဝင်များက စီးနင်းမှုတွင် လေတပ်အင်အားကို အသုံးပြုတိုက်ခိုက်ခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၃ရက်က ဂါဇာနှင့် အီဂျစ်အကြား နယ်စပ်ကို ဟားမတ်စ်တို့ ဖွင့်ပေးခဲ့သည်။ ဂါဇာမှ ဒေသခံများက အီဂျစ်နိုင်ငံသို့ ဝင်ရောက်ကာ စားနပ်ရိက္ခာနှင့် လောင်စာဆီများ ပြန်လည်ဝယ်ယူခဲ့ကြသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်၌ အအေးလှိုင်းကျရောက်

ကဘူးလ် ဖေဖော်ဝါရီ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ခြောက်ပတ်မှစပြီး ဆီးနှင်းများကျရောက်မှုကြောင့် လူပေါင်း ၉၀၀ ကျော် သေဆုံးခဲ့ကြောင်း အစိုးရတာဝန်ရှိသူ တစ်ဦးက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

ဒဏ်ရာရရှိ

နိုင်ငံတစ်ဝန်း အအေးလှိုင်းကျရောက်ခဲ့မှုကြောင့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူပေါင်း၉၂၆ဦး သေဆုံးခဲ့ပြီး အခြား ၂၃၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း သဘာဝ ဘေးအန္တရာယ်တားဆီးရေးညွှန်ကြားရေးမှူး အမီယာဂျန်က ပြောကြားသည်။

သေဆုံး

အဆိုပါ အအေးလှိုင်း ကျရောက်မှုကြောင့် ကျွဲ၊ နွား ၃၁၆၀၅၅ ကောင် သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း ပတ္တာနီပြည်နယ်အတွင်း ကျေးရွာကာကွယ်ရေးခေါင်းဆောင် ပစ်သတ်ခံရ

ဗန်ကောက် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ် လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်း၌ ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက ကျေးရွာကာကွယ်ရေးခေါင်းဆောင်တစ်ဦးကို သူပုန်တို့က ပစ်သတ်သွားသည်။

အသတ်ခံရ

ကျေးရွာကာကွယ်ရေးခေါင်းဆောင်မှာ အသက် ၃၂နှစ်ရှိ မဒွမ်ဝါဒိုဟင်းဖြစ်ပြီး ပတ္တာနီပြည်နယ် ပန်နားခရိုင် ဖော်မင်းကျေးရွာ လက်ဖက်ရည်ဆိုင်အတွင်း ထိုနေ့နံနက် ၇နာရီက အသတ်ခံရခြင်း ဖြစ်သည်။

ထွက်ပြေးလွတ်မြောက်

မော်တော်ဆိုင်ကယ်ဖြင့် လူနှစ်ဦး ရောက်ရှိလာပြီး လက်ဖက်ရည်ဆိုင်အတွင်းတွင် မဒွမ်ဝါဒိုဟင်းကို သေနတ်ဖြင့် ပစ်ကာ ပြန်လည်ထွက်ပြေး လွတ်မြောက်သွားသည်ဟု ရဲတပ်ဖွဲ့က ကြေညာသည်။

ဒဏ်ရာရ

နာရာသီဝပ်ပြည်နယ်တွင်လည်း ၎င်းနေ့ ထိုအချိန်က အစိုးရတပ်သားများနှင့် တိုက်ခိုက်ကြစဉ် မသင်္ကာဖွယ် သူပုန်တစ်ဦး ဒဏ်ရာရသွားသည် ဆို၏။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးဖောက်ခွဲ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ အကြမ်းဖက် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားသည်ကို ဖေဖော်ဝါရီ ၁၇ရက်က ဤသို့တွေ့ရသည်။

(သတင်းဖော်ပြပြီး)

(အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၈-၂-၂၀၀၈

ပါလက်စတိုင်းသမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ ဆွေးနွေး

နှစ်ဦးနှစ်ဖက်ငြိမ်းချမ်းရေးရရှိရန် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုမတ်တို့ ဂျေရုဆလင်မြို့၌ စတင်ဆွေးနွေးဖြစ်သည်။

ထိုသို့ ဆွေးနွေးရာတွင် ဂါဇာမှလက်နက်ကိုင်များ အစ္စရေးတောင်ပိုင်းသို့ ပစ်ခတ်တိုက်ခိုက်မှုများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာမြို့တွင်း မကြာခဏဝင်ရောက်ပစ်ခတ်မှုများ ရပ်ဆိုင်းရေးအပါအဝင် ကဏ္ဍများစွာဆွေးနွေးမည်ဖြစ်သည်။

အီရန်ဂြိုဟ်တုမှ အချက်အလက်များ စတင်ပေးပို့

ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပြီးခဲ့သည့်သီတင်းပတ်က လွှတ်တင်ခဲ့သော အီရန်တို့၏ ဆက်သွယ်ရေးဂြိုဟ်တုသည် အီရန်မြေပြင်စခန်းသို့ အချက်အလက်များ ပြန်လည်ပေးပို့သည်ဟု အစ္စရေးအရာရှိများက ပြောကြားသည်။

သုတေသနလုပ်ငန်းများအတွက် အဆိုပါဂြိုဟ်တုကို လွှတ်တင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ အဓိကကျသော ကိန်းဂဏန်းများဖြင့် တိကျသောအချက်အလက်များကို စတင်ပေးပို့နေပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပေကျင်းမြို့ အမျိုးသားပြတိုက်များ အခမဲ့ ကြည့်ရှုခွင့်ပေးမည်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ လာမည့်လမှစတင်ကာ အမျိုးသားပြတိုက်များအတွင်းသို့ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ ဖူကျင်မြို့ရှိ အမျိုးသားပြတိုက်များသို့လည်း အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း၊ ယင်းမှာ အချိန်ကာလတစ်ခုအထိ အခွင့်အရေး ပေးထားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အာရှကျန်းမာရေးစောင့်ရှောက်မှု ၂၀၀၈ အစည်းအဝေး မလေးရှားက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

အာရှကျန်းမာရေး စောင့်ရှောက်မှု ၂၀၀၈ အစည်းအဝေးကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန အရာရှိများက ပြောကြားသည်။

အဆိုပါအစည်းအဝေးကို လာမည့် မတ်၁၀ရက်မှ စတင်ကာ ကွာလာလမ်ပူမြို့၌ သုံးရက်ကြာကျင်းပမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

လစ်ဗျားနှင့် ရထားလမ်း တရုတ်ဖောက်လုပ်မည်

လစ်ဗျားနိုင်ငံရှိ ရထားလမ်းများ ဖောက်လုပ်ရေးအတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၂ဒသမ၆ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

၂၀၀၈ခုနှစ် ဇွန်လမှစတင်ကာ လစ်ဗျားနိုင်ငံတောင်မှမြောက်သို့ အရှည်ကီလိုမီတာ ၈၀၀ရှိသည့် မီးရထားလမ်းနှင့် အရှည် ၃၅၂ကီလိုမီတာရှိသော ရထားလမ်းသစ်များကို ဖောက်လုပ်သွားမည်ဖြစ်သည်။

မိုဆူးလ်မြို့၌ ဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကင်းလှည့်နေသော အီရတ်ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူးလ်မြို့သည် ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်မှုများ အချိန်အတန်ကြာကပင် ဖြစ်ပွားခြင်းမရှိသော်လည်း ယခုနောက်ပိုင်း ဗုံးခွဲတိုက်ခိုက်မှုဆက်တိုက်ဖြစ်ပွားလာခဲ့သည်။

တူရကီ၌ အအေးလှိုင်းကျရောက်

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ဘူရာဆာမြို့၌ အအေးလှိုင်းကျရောက်ရာ သုံးဦးသေဆုံးပြီး မြို့တွင်းလမ်းများ၌ ဆီးနှင်းများ ဖုံးလွှမ်းခဲ့သည်။

ဘူရာဆာမြို့၏ အပူချိန်မှာ ရေခဲအမှတ်အောက်ထိကျဆင်းခဲ့ရာ အထူးသဖြင့် သက်ကြီးရွယ်အိုများ သေဆုံးမှုဦးရေ ပိုများလာနိုင်ကြောင်း တူရကီအရာရှိများက ပြောကြားသည်။

ဘဝဒဿနအမြင်

■ **Whispered words are heard after.**
တိုးတိုးပြောသော စကားများကို ဝေးဝေးမှ ကြားရတတ်သည်။

အရစ္စတိုတယ်လ် (ဂရိအတွေးအခေါ်ပညာရှင်)

■ **Rumour is a great traveller.**
ခြေအမြန်ဆုံး ခရီးသည်ဟာ ကောလာဟလပါပဲ။

အီစွပ်ပုံပြင်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

● ဆားဗီးယားနိုင်ငံမြောက်ပိုင်း နိုဗီဆတ်မြို့၌ ဖေဖော်ဝါရီ ၁၇ရက်က စားသောက်ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

❒ **နယူးဇီလန်နိုင်ငံမြောက်ပိုင်း ဝယ်လင်တန်မြို့အနီးတွင် ဖေဖော်ဝါရီ ၁၇ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။** (အောက်ပုံ)

● အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဖေဖော်ဝါရီ ၁၇ရက်က သုံးနှစ်အရွယ် ကလေးငယ်တစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ သေဆုံးသူ ၁၀၅ဦး ရှိပြီဖြစ်သည်။

❒ **နီပေါနိုင်ငံအနောက်ပိုင်း ဘတ်လန်ခရိုင်တွင် ဖေဖော်ဝါရီ ၁၇ရက်က ဂျစ်ကားတစ်စီး လျှိုတစ်ခုအတွင်းပြုတ်ကျခဲ့ရာ ငါးဦးပွဲချင်းပြီး သေဆုံး၍ ၁၁ဦး ဒဏ်ရာရရှိခဲ့သည်။**

● ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ဖေဖော်ဝါရီ ၁၇ရက်က ဘတ်စ်ကား သုံးစီး အရှိန်ပြင်းစွာ ဆက်တိုက် တိုက်မိသဖြင့် ၂၂ဦး ဒဏ်ရာရရှိခဲ့သည်။

❒ **သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ တောင်ဘက် မိုင် ၁၂၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ၁၇ရက်က မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး နေအိမ်သုံးလုံး ပျက်စီးခဲ့သည်။**

● ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့၌ ဖေဖော်ဝါရီ ၁၇ရက်က သုံးထပ်လူနေအိမ်တစ်လုံး ပြိုကျခဲ့ရာ နှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

❒ **နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့ပြင်တွင် ဖေဖော်ဝါရီ၁၇ရက်က မိုးကြိုးပစ်မှုကြောင့် သုံးဦးသေဆုံးခဲ့သည်။**

မော်လတာ သမ္မတနိုင်ငံ

သတင်းအက်ဆေး

မော်လတာသမ္မတနိုင်ငံသည် မြေထဲပင်လယ် အလယ်ပိုင်းဒေသတွင် တည်ရှိသည်။ မော်လတာကျွန်းစုတွင် မော်လတာ၊ ဂိုဇို၊ ကိုမီနို၊ ကွန်ပီနော့တို့နှင့် ဖီဖလာကျွန်းများပါဝင်သည်။ မော်လတာသမ္မတနိုင်ငံမှာ ဥရောပနှင့် အာဖရိကမြောက်ကြားရှိ အီတလီပိုင် စစ္စလီကျွန်း၏ တောင်ဘက်တွင် တည်ရှိသည်။ ဤနိုင်ငံတွင် ရာစုနှစ်များနှင့်ချီ၍ ပြည်ပလက်အောက် အုပ်ချုပ်ခံခဲ့ရသည့် သမိုင်းရှိသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်

၁၈၁၄ ခုနှစ်တွင် ဗြိတိသျှအင်ပါယာ၏ လက်အောက်ခံ ကိုလိုနီနယ်ပယ်တစ်ခုဖြစ်လာသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မဟာမိတ်စစ်စခန်းများကို ဂျာမနီနှင့် အီတလီလေတပ်တို့က ပစ်မှတ်ထားပြီး အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်မှုဒဏ်ကို ခံခဲ့ရသည်။ ၁၉၄၇ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်။ ၁၉၅၉ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြန်သိမ်းကာ ၁၉၆၂ခုနှစ်ရောက်မှ ပြန်လည်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးပြန်သည်။

အထွေထွေရွေးကောက်ပွဲ

၁၉၆၄ ခုနှစ်တွင် မော်လတာနိုင်ငံမှာ လုံးဝ လွတ်လပ်ရေးရရှိသည်။ ၁၉၇၄ခုနှစ်တွင် မော်လတာသမ္မတနိုင်ငံဖြစ်လာသည်။ ၁၉၇၉ခုနှစ်တွင် ဗြိတိသျှစစ်စခန်းပိတ်လိုက်သည်။ လစ်ဗျားနှင့်ကွန်မြူနစ်နိုင်ငံများနှင့် ဆက်ဆံရေးပိုကောင်းလာသည်။ အာဏာရမော်လတာ လေဘာပါတီအပေါ် အမျိုးသားရေးပါတီက ၁၉၈၇ခုနှစ်တွင် အနိုင်ရပြီးနောက် ဖိနက်အဒါမီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၀ပြည့်နှစ်တွင် ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင်ဖြစ်ရေး လျှောက်ထားသည်။ ၁၉၉၆ခုနှစ်တွင် အဲဖရက်ဆန့် ဦးဆောင်သည့် လေဘာပါတီ ပြန်လည်အာဏာရလာသောအခါ အီးယူအဖွဲ့ဝင်ဖြစ်ရေးကို ဘေးချိတ်ထားလိုက်သည်။ တစ်ဖန် ၁၉၉၈ခုနှစ်တွင် ဖိနက်အဒါမီ၏ အမျိုးသားရေးပါတီက အာဏာပြန်ရလာသောအခါတွင်မှ အီးယူအဖွဲ့ဝင်ဖြစ်ရေး ပြန်လည်ကြိုးပမ်းလာပြန်သည်။ ၁၉၉၉ခုနှစ်တွင် ဂိုက်ဒိုဒီမာကိုးက မော်လတာသမ္မတ နိုင်ငံ၏ သမ္မတအဖြစ် ရာထူးလက်ခံသည်။ ၂၀၀၃ခုနှစ် မတ်လတွင် အီးယူဝင်ရေး ပြည်သူ့ဆန္ဒ ခံယူပွဲကျင်းပရာ ပြည်သူ ၅၃ရာခိုင်နှုန်းက ထောက်ခံမဲပေးသည်။ ၂၀၀၃ခုနှစ် ဧပြီလ အထွေထွေရွေးကောက်ပွဲတွင် ဖိနက်အဒါမီ၏ အာဏာရ အမျိုးသားရေးပါတီပင် အနိုင်ရသည်။ ၂၀၀၄ခုနှစ် မတ်လတွင် အဒါမီအနားယူသွားသောအခါ လောရင့်ဂွန်ဇီက ဝန်ကြီးချုပ်တာဝန်ကို ရယူလိုက်သည်။

၂၀၀၄ခုနှစ် မေလတွင် ဥရောပသမဂ္ဂ(အီးယူ)၏ အဖွဲ့ဝင်သစ် ၁၀နိုင်ငံတွင် မော်လတာသမ္မတနိုင်ငံလည်း အဖွဲ့ဝင်သစ်တစ်နိုင်ငံအဖြစ် ပါဝင်သည်။ ၂၀၀၅ခုနှစ် ဇူလိုင်လတွင် အီးယူ ဖွဲ့စည်းပုံအခြေခံဥပဒေကို မော်လတာပါလီမန်က အတည်ပြုသည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် မော်လတာသမ္မတနိုင်ငံက ယူရိုငွေသုံးစွဲရန် သဘောတူသည်။

မော်လတာကျွန်းကို ဖိုနီးရှန်း၊ ဂရိ၊ ရောမ၊ အာရပ်၊ ပြင်သစ်၊ ဗြိတိန်တို့ သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ ၁၉၆၄ခုနှစ်မှ ဗြိတိသျှလက်အောက်မှ လွတ်မြောက်လာသည်။

ဒုက္ခသည် ထိန်းသိမ်း

မော်လတာသမ္မတနိုင်ငံငယ်လေး အီးယူအဖွဲ့ဝင် နိုင်ငံဖြစ်လာကတည်းက အာဖရိကတိုက်မြောက်ပိုင်းမှ ပြောင်းရွှေ့ခိုဝင်လာမှု ပြဿနာသည် ကြီးထွားလာသည်။ နိုင်ငံအတွင်းသို့ ခိုလှုံလာသူများကို ဒုက္ခသည် ထိန်းသိမ်းထားရေး မူဝါဒကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဝေဖန်လာသည်အထိ ပြဿနာတက်သည်။

သို့သော် မော်လတာသမ္မတနိုင်ငံ အီးယူအဖွဲ့ဝင်မဖြစ်မီ တစ်လအလို၌ ဝန်ကြီးချုပ်တာဝန်စတင်ထမ်းဆောင်သူ ဂွန်ဇီကမူ အီးယူအဖွဲ့ဝင် ဖြစ်မှုကြောင့်

ပေါ်ပေါက်လာမည့် အခွင့်အလမ်းများကို လက်မလွှတ်တမ်း အသုံးချရမည်။ မိမိတို့နိုင်ငံသည် လမ်းကြောင်းသစ်ပေါ်တွင် စတင်အခြေချမိပြီဟု ပြောကြားလိုက်သည်။

ရပ်တည်ဝင့်ထည်

မော်လတာသမ္မတနိုင်ငံ၏ မဟာဗျူဟာမြောက် အချက်အချာကျသောနေရာ အနေအထားကြောင့် ရာစုနှစ်နှင့်ချီ၍ အရေးပါသော ကုန်သွယ်ရေးဌာနအဖြစ်သို့ ရောက်ရှိခဲ့သည်။ ယခုတိုင် ကုန်သေတ္တာ၊ ကုန်စည်များ သယ်ယူပို့ဆောင်ရာ ထိပ်တန်းဌာနကြီး တစ်ခုအဖြစ် ရပ်တည် ဝင့်ထည်လျက်ရှိသည်။

မော်လတာသမ္မတနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်တို့ အနားယူ အပန်းဖြေရာ လူကြိုက်များသော ကျွန်းစုနိုင်ငံ ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ အဓိကငွေရှာပေးသည့် လုပ်ငန်းဖြစ်သည်။ ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးမှု၊ ဤလုပ်ငန်း၌ ပိုမိုရင်းနှီးမြှုပ်နှံမှုတို့ဖြင့် နိုင်ငံတစ်ဝန်းလုံး ရေမြင့်လျှင် ကြာတင့်လာနိုင်ပေသည်။ ။

တိုး-ရေးသားသည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံရာ ရှေးဦးစွာ ကျောက်တော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထူးကျော်က ကျောက်တော်မြို့နယ်၏ တည်နေရာအကျယ်အဝန်းနှင့် ဖွဲ့စည်းမှုအခြေအနေ၊ ဆန်စပါးအပါအဝင် အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထွက်ရှိမှု၊ ဒေသဆန်နှင့် စားသုံးဆီဖူလုံမှု၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံလျာထားစိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပြီးစီးမှု၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးမှု၊ ငါး၊ ပုစွန် တိုးချဲ့မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေအနေများ၊ နိုင်ငံတော်မှ တာဝန်ရှိသူများ၏ ခရီးစဉ်များတွင် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့် မြို့နယ်ဖွံ့ဖြိုးရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျောက်တော်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးမှာ ယခင်ကာလများကနှင့် လုံးဝခြားနားစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ကျောက်တော်မြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံရုံသာမက ပိုလျှံသည့်အဆင့် ရရှိနေသည်ကို တွေ့ရကြောင်း။

အားထုတ်ကြိုးပမ်း

သို့သော်လည်း မိမိတို့လက်ရှိရရှိနေသည့် အဆင့်မှာပင် ရပ်တန့်မနေဘဲ စီးပွားဖြစ်ထွန်းသည့် အဆင့်ရောက်အောင် ဆက်လက် အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

သဘာဝအရဖြစ်တည်နေသည့်ရေခံ၊ မြေခံ အခြေခံကောင်းများနှင့် နိုင်ငံတော်က ဖြည့်ဆည်းစီမံဆောင်ရွက်ပေးထားသည်များကို ပေါင်းစပ်ပြီး မိမိတို့လူမှုစီးပွားဘဝ တိုးတက်လာအောင် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြရန် မှာကြားလိုကြောင်းပြောကြားပြီး နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသနေလူငယ်လူရွယ်များ ပညာရည်မြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး စည်းကမ်းဥပဒေများကို လေးစားလိုက်နာသည့် နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးရေး၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်အကျိုးရှိစေရန် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကာကွယ်

ကျန်းမာရေးဆိုင်ရာ နေထိုင်စားသောက်မှုအလေ့အကျင့်ကောင်းများ လိုက်နာတတ်စေရန် ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

● ရှေ့ဖုံးမှ

တွင်ကျယ်စွာအသုံးပြု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိလိုသည်များကိုမေးမြန်း၍ မှာကြားရာတွင် ယနေ့အချိန်အခါသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာပြီး ကဏ္ဍအားလုံးလိုလိုမှာပင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိနေကြကြောင်း။

မိမိတို့နိုင်ငံသည်လည်း တိုးတက်လာသည့် ခေတ်နှင့်အတူ လိုက်ပါနိုင်ရေးအတွက် ကွန်ပျူတာအခြေခံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များကို ဒေသအားလုံးရှိ လူငယ်လူရွယ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် တိုးပွားလာစေရန် ကွန်ပျူတာတက္ကသိုလ်ကြီးများကို တည်ဆောက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ဖွင့်လှစ်ထား

ရန်ကုန်မြို့တွင် Myanmar Info-tech နှင့်မန္တလေးမြို့တွင်း ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်းတို့ကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအခြေခံစီးပွားရေးလုပ်ငန်းများ စုစုစည်းစည်း ဆောင်ရွက်နိုင်စေရန် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

ထို့အပြင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်တွင်လည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံစက်ရုံများ တည်ဆောက်လျက်ရှိကြောင်း၊ ကမ္ဘာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံစီးပွားရေးလုပ်ငန်းများဖြင့် ချမ်းသာကြွယ်ဝနေကြသည့် နိုင်ငံများတစ်နေ့တခြား များပြားလာလျက်ရှိကြောင်း။

တည်ထောင်ဖွင့်လှစ်

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအားလုံးရှိ လူငယ်လူရွယ်များ ခေတ်မီနည်းပညာရပ်များကို သင်ယူနိုင်စေရန် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကြီးများကိုတည်ထောင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ပညာတတ် လူ့အရင်းအမြစ်များ ထုနှင့်ထည်နှင့်မွေးထုတ်ပေးနိုင်အောင် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အံဝင်ခွင်ကျ

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့်များအား လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင်ကျွမ်းကျင်ဝင်ဆံ့သည့် ပညာရှင်များအဖြစ် အံဝင်ခွင်ကျဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) Computer Lab ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် နည်းပညာတက္ကသိုလ်(စစ်တွေ)သို့ ရောက်ရှိပြီး ဆရာဆရာမများအားတွေ့ဆုံကာ တက္ကသိုလ်၏သင်ကြားစီမံကိစ္စရပ်များကို မေးမြန်းသည်။

လေ့ကျင့်သင်ကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ယနေ့ခေတ် အချိန်ကာလတွင် လိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပေးလျက်ရှိသည်နှင့်အညီ အမှန်တကယ် အရည်အသွေးပြည့်ဝသည့် အတတ်ပညာရှင်များဖြစ်အောင်လေ့ကျင့်သင်ကြားပေးရေး၊ တစ်နေ့တခြား တိုးတက်ပြောင်းလဲနေသည့် ပညာရပ်ဆိုင်ရာများကို ဆရာ၊ ဆရာမများကိုယ်တိုင် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့မှ ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံသို့ရောက်ရှိကြပြီး ရှုရပ်မှ ပြိုင်းချောင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေမှုများကို ကြည့်ရှုစစ်ဆေး၍ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးချုပ်အား ပြိုင်းချောင်းရေလှောင်တမံစီမံကိန်း တည်ဆောက်ရေး(၃)မှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က တမံရေကို အပြည့်အဝအသုံးချပြီး နွေစပါးစိုက်ပျိုးဧကများ တိုးချဲ့ဆောင်ရွက်ရေး၊ တမံမှ ထွက်ရှိလာမည့်ရေဖြင့် လျှပ်စစ်ဓာတ်အားအသုံးချနိုင်ရေးတို့ကို မှာကြားသည်။

ကျောက်တော်မြို့ရောက်

ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ကျောက်တော်မြို့သို့ ရောက်ရှိကြပြီး ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကစ္ဆပနဒီတံတားကိုဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တံတားကြီးရေရှည်တည်တံ့စေအောင် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ရှိသူတို့အား မှာကြားသည်။

အကောင်အထည်ဖော်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကစ္ဆပနဒီခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြောက်ဦးမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံအတွက် ထာဝရဆေးပဒေသာပင် လှူဒါန်းငွေကျပ်ငါးသိန်းကို ပေးအပ်စဉ်။ (သတင်းစဉ်)

တားဆီးရေးနည်းလမ်းများကို ပြည်သူများသိရှိအောင် ကျေးလက်ဒေသအထိ သွားရောက်၍ စဉ်ဆက်မပြတ်ဆောင်ရွက်ရေး၊ ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ အောင်မြင်ရေးသည် မိမိတို့၏ အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများနှင့် ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ ကျောက်တော်မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအတွင်းဖြစ်ပွားသည့် ရောဂါများနှင့် ဆေးဝါးကုသမှုအခြေအနေများ၊ ဆေးဝါးရရှိမှုနှင့် ဆေးပဒေသာပင်စိုက်ထူထားရှိမှုနှင့် ပြန်လည်သုံးစွဲမှုအခြေအနေများကို မေးမြန်းပြီးနောက် ဆေးရုံအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာဝန်၊ ဆရာမများအား မှာကြားရာတွင် လူနာများသည် ဆေးရုံသို့ မတတ်သာ၍သာ ရောက်လာကြရသည့် ဝေဒနာရှင်များဖြစ်၍ ယင်းတို့၏ရုပ်ပိုင်းဘဝ ကျန်းမာရေးသာမက စိတ်ပိုင်းဆိုင်ရာ ပူပင်သောကများကို ပြေလျော့သွားစေရန် မိမိတို့၏ အတတ်ပညာနှင့် စိတ်စေတနာ ပေါင်းစပ်ဆောင်ရွက်ရေး၊ ဒေသ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဒေသတွင်းဖြစ်ပွားတတ်သည့် ရောဂါများ၊ အခြားသောအဖြစ်များသည့် ရောဂါများကို မဖြစ်ပွားအောင်နေထိုင်နည်း၊ ကြိုတင်ကာကွယ်နည်းများ၊ ကျန်းမာရေးဆိုင်ရာ နေထိုင်စားသောက်မှု အလေ့အကျင့်ကောင်းများ ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်တတ်စေရန် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရေး မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ကျောက်တော်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ထာဝရဆေးပဒေသာပင် လှူဒါန်းငွေကျပ်ငါးသိန်းကို ဆေးရုံအုပ်ကြီးဒေါက်တာမြင့်ဦးထံ ပေးအပ်ပြီး လူနာဆောင်ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်တော်မြို့တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာမုနိဘုရားကြီးသို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံလှနှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းများ ကပ်လှူကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးအတွက် အလှူငွေများကို စုပေါင်းလှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌကလက်ခံပြီး ဓမ္မလက်ဆောင်အဖြစ် မဟာမုနိရုပ်ပွားတော်မြတ်ပုံတော်အား ပြန်လည်ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြောက်ဦးမြို့သို့ရောက်ရှိကြရာ ရှေးဦးစွာ ရခိုင်ဘုရင်မင်းဗာကြီးတည်ထားခဲ့သည့် ရန်အောင်ဇေယျ(ခေါ်)သျှစ်သောင်းပုထိုးတော်ကြီးသို့သွားရောက်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒုတိယလိုဏ်ပတ်လမ်းအတွင်းလှည့်လည်ကြည့်ရှုကြရာ မြောက်ဦးမြို့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးဦးစောလွင်က ဘုရား၏ သန့်စင်သောဘဝ (၁၃၆)ဘဝတို့အား ထုဆစ်ထားသော ရုပ်လုံးရုပ်ကြွများ ၁၀၀၀ကျော် ရှိသည့် ရှေးဟောင်းယဉ်ကျေးမှု လက်ရာများကို လိုက်လံရှင်းလင်းပြသသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သျှစ်သောင်းပုထိုးတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ မြောက်ဦးမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ဦးက မြောက်ဦးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အထောက်အကူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြောက်ဦးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် တင်ပြ ချက်များအနက် လက်ငင်းဖြည့်ဆည်းပေးနိုင်သည်များကို လက်ငင်းညှိနှိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ အချို့ ကိစ္စရပ်များကို လိုအပ်သည့် ညှိနှိုင်းစိစစ်လေ့လာမှုများပြုလုပ်ပြီး ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရမည်ဆိုသည့် သဘောထားဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍစုံတို့၌ လိုအပ်ချက်များကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်ပြီး ဖြည့်ဆည်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ နောင်တွင်လည်း လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးသွားမှာပင်ဖြစ်ကြောင်း။

ကြိုးစားလုပ်ကိုင်

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က ဖြည့်ဆည်းပံ့ပိုးပေးထားသည့် အခြေခံကောင်းများကို ပြည်သူအားလုံးက လက်တွေ့အသုံးချပြီး ကြိုးကြိုးစားစားလုပ်ကိုင်လာကြရေး ဦးဆောင်စည်းရုံးကြရန် မှာကြားလိုကြောင်း။

ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာအောင်၊ ပညာတတ်များ တိုးပွားလာအောင်၊ ကျန်းမာရေး အသိကြွယ်ဝပြီး ကျန်းမာကြံ့ခိုင်သူများ တိုးပွားများပြားလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

လက်ဆောင်ပစ္စည်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများနှင့် ဝန်ကြီးဌာန အသီးသီး၏ လက်ဆောင်ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ယင်းနောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆေးပဒေသာပင်

ဆက်လက်၍ မြောက်ဦးမြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံ၏ ဆေးဝါးကုသမှုများကို မေးမြန်းပြီးနောက် ဝန်ကြီးချုပ်က ပြည်သူများ အားကိုးအားထားရသည့် ဆေးရုံတစ်ရုံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ပြန့်သောအမြင်နှင့် စေတနာစွမ်းအားတို့ဖြင့် ပေါင်းစပ်ဆောင်ရွက် ကြရေးမှာကြားပြီး ထာဝရဆေးပဒေသာပင် ငွေကျပ်ငါးသိန်းကို ဆေးရုံအုပ်ကြီးဒေါက်တာရွှေသိန်းထံ ပေးအပ်သည်။

ဗုဒ္ဓရုပ်ပွားတော်မြတ် ဖူးမြော်ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြောက်ဦးမြို့ ရန်အောင်ဇေယျ(ခေါ်) သျှစ်သောင်း ပုထိုးတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

မှာကြားဖြည့်ဆည်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားလူနာဆောင်၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ စိုက်ထူလှူဒါန်းခဲ့သည့် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုငွေပဒေသာပင်မှ သတ္တမ အကြိမ်မြောက် ဗုဒ္ဓစာပေဆုနှင့် စာ အောင်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြား တောရလမ်းရှိ မဟာသာသန ဝေပုလ္လ ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓစာပေ ပထမဘဒ္ဒန္တသီဟဗလ (အဂ္ဂမဟာပဏ္ဍိတ) (ထီးလှိုင်ကျောင်း ရမည်းသင်းမြို့နယ် မန္တလေးတိုင်း)က လည်းကောင်း၊ သာသနာရေးဝန်ကြီး ဌာန သာသနာရေးဦးစီးဌာနက ကျင်းပ သည့်ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ၌ ပထမ အရှင်အဂ္ဂသီလ (အဂ္ဂမဟာ အကျော်)၊ ဓမ္မာစရိယတန်း(သီလရှင် ပထမ) မသိက္ခဝတီ၊ ပထမကြီးတန်း ပထမ အရှင်ကုန္ဒကဝိသိဋ္ဌာလင်္ကာရ (ပထမကျော်)၊ပထမလတ်တန်း ပထမ အရှင်သူရိယာ လင်္ကာရ၊ ပထမငယ် တန်း ပထမအရှင်ကဝိနန္ဒ၊ ပထမကြီး တန်း (အမျိုးသမီး ပထမ)မနှစ်နှစ်ဆွေ၊ ပထမလတ်တန်း (သီလရှင်– ပထမ) မဓမ္မနန္ဒာ၊ ပထမငယ်တန်း (သီလရှင်– ပထမ)မကုန္ဒဝတီ၊ အဘိဓမ္မာ ပထမ မတိက္ခစာရီ၊အဘိဓမ္မာ(ဂုဏ်ထူးဆောင်– ပထမ) မောင်ဇင်မင်းဦးနှင့် ဝိသုဒ္ဓိမဂ် ပထမ ဒေါ်တင်တင်မြင့်တို့က လည်း ကောင်း၊ မန္တလေးမြို့ သကျသီဟ ပရိယတ္တိအသင်းက ကျင်းပသည့် ပရိယတ္တိ သာသနာ့ဟိတ ဓမ္မာစရိယပထမ အရှင် သီလာနန္ဒာဘိဝံသက လည်းကောင်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိ အသင်းက ကျင်းပသည့် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ပထမ အရှင်ကုန္ဒ ကာ လင်္ကာရာဘိဝံသကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနက ကျင်းပသည့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ သိပ္ပံပထမ မခင် မြတ်နိုးထွန်း၊ မြန်မာတစ်ပြည်လုံး၌ ဝိဇ္ဇာပထမ မောင်ကျော်ဇင်ဝင်းတို့က လည်းကောင်း ရရှိကြသည်။

လှူဒါန်းလိုပါက ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဓမ္မတိဏ္ဏ မဟာ သာသန ဝေပုလ္လကျောင်း မြို့မရပ်ကွက် ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကောက်ခွန်ဝန်ထမ်းဟောင်းများ သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အကောက်ခွန်ဝန်ထမ်းဟောင်းများ အသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် လမ်း ၅၀ရှိ အကောက်ခွန် ဦးစီးဌာနသင်တန်းကျောင်း ခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

ဖေဖော်ဝါရီ ၁၅ရက်က သဃ်န်းကျွန်းပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရာ သူငယ်တန်းမှ သတ္တမတန်းအထိ ရှစ်နှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ဝင်းထက်အား ကျောင်းအုပ်ဆရာကြီးဦးကျော်ဝင်းက ဆုချီးမြှင့်စဉ်။

(က–ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါကစ္စတန်၌ ရွေးကောက်ပွဲ မဲပေးမှုစတင် အကြမ်းဖက်မှုစိုးရိမ်သဖြင့် ပြည်သူအများအပြား မဲမပေးဘဲနေကြ

ကရာချိ ဖေဖော်ဝါရီ ၁၈

ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ရွေးကောက်ပွဲ မဲဆန္ဒပေးမှုများ ဖေဖော်ဝါရီ၁၈ရက်က စတင်ကျင်းပသည်။ ပါကစ္စတန်၌ မဲဆန္ဒပေးနိုင်သူ သန်း ၈၀ခန့်ရှိသော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားမည်ကို စိုးရိမ်သဖြင့် ပြည်သူအများအပြား မဲရုံများသို့ လာရောက်မဲမပေးဘဲ အိမ်များ၌သာနေထိုင်ကြသည်။

ကရာချိမြို့တွင် အဝါမီအမျိုးသားပါတီ (အေအင်န်ပီ)က ၎င်းတို့ပါတီ ကိုယ်စားလှယ်တစ်ဦး တိုက်ခိုက်ခံရပြီးနောက် လမ်းများပိတ်ဆို့ကာ လုံခြုံရေးအားနည်းမှုအပေါ် ဆန္ဒပြခဲ့ကြသည်။

လုံခြုံရေးတာဝန်ယူ

ကရာချိမြို့အရှေ့ပိုင်း မဲရုံများနှင့် ပန်ဂျပ်ပြည်နယ်မဲရုံအချို့တွင် ပြည်သူများ၏ မဲပေးမှုစနစ် မှားယွင်းမှုကြောင့် မဲပေးမှု ငါးနာရီခန့် နောင့်နှေးကြန့်ကြာခဲ့သည်။ ပါကစ္စတန်နိုင်ငံတစ်ဝန်း မဲရုံများ၌ ပါကစ္စတန်တပ်ဖွဲ့ဝင် ၈၀၀၀၀ခန့်နှင့် ရဲတပ်ဖွဲ့ဝင် ၅၀၀၀၀ခန့်တို့က လုံခြုံရေးတာဝန်ယူပေးလျက်ရှိသည်။

မျက်မှောက်ခေတ် ဇာတ်သဘင်လောကနှင့် သူတို့အမြင်

မေးမြန်းသူ-မြင့်မောင်စိုး (မြန်မာ့အလင်း) ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာ့ဇာတ်သဘင်သည် ရှေးခေတ် ရှေးအခါကပင် ပေါ်ပေါက်ခဲ့သော အနုသုခုမ ပညာရပ်ဖြစ်သည်။ ခေတ်အဆက်ဆက် သဘင်အနုပညာရှင်များက မြန်မာ့ဇာတ်သဘင်လောကကို တီထွင်ဆန်းသစ်မှုများဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရင်း ပြည်သူများအား ဖျော်ဖြေတင်ဆက် ကပြခဲ့ကြသည်။

ခေတ်အဆက်ဆက်သော မြန်မာ့ဇာတ်သဘင်အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှု၊ တီထွင်ဆန်းသစ်မှုများကြောင့်လည်း ဇာတ်သဘင်လောကသည် ယနေ့တိုင် ပြည်သူများအကြား လူကြိုက်များ လန်းဆန်းနုပျိုနေဆဲဖြစ်သည်။ မျက်မှောက်ခေတ်တွင် တိုးတက်ပြောင်းလဲမှုများဖြင့် ဖျော်ဖြေတင်ဆက်နေသော ဇာတ်သဘင်လောကအကြောင်း တစေ့တစောင်းတင်ပြနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် ဇာတ်ပွဲများ ဖျော်ဖြေတင်ဆက်လျက်ရှိသည့် သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ အရောက်လှမ်းခဲ့ပါသည်။

ရွှေတံဆိပ်သုံးဆုရ မင်းသားဖိုးချစ်

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ရွှေတံဆိပ်သုံးဆုရ မင်းသားဖိုးချစ်က ပြောပြသည်မှာ **"မြန်မာ့ဇာတ်သဘင်ကို ဇာတ်ရဲ့ အင်္ဂါရပ်နဲ့အညီ အော်ပရာ၊ ပြဇာတ်၊ ဟာသတစ်ခန်းရပ်၊ ယိမ်းအက၊ စတိတ်ရှိုး၊ နှစ်ပါးသွား၊ နောက်ပိုင်း ရာဇဝင် ပြဇာတ်ဆိုပြီး ဖျော်ဖြေတင်ဆက်နေပါတယ်။ ဒီဘက်ခေတ်မှာ လူကြိုက်အများဆုံး အခန်းတွေကတော့ နှစ်ပါးသွားနဲ့ စတိတ်ရှိုးကို လူကြိုက်များပါတယ်။ အထူးသဖြင့် နှစ်ပါးသွားကဏ္ဍကို လူငယ်လူရွယ်တွေ ပိုကြိုက်လာကြပါတယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

"ဇာတ်သဘင်မှာ နှစ်ပါးသွားနဲ့စတိတ်ရှိုးကို လူကြိုက်များတယ်ဆိုပေမယ့် ဇာတ်တစ်ဇာတ်မှာ ပါဝင်ကပြရမယ့်အခန်းတွေအားလုံးဟာ အရေးကြီးပါတယ်။ ဒီအခန်းတွေကို သူ့အခန်းနဲ့သူ ပီပြင်အောင်တင်ဆက်ရပါတယ်။ ဇာတ်သဘင်မှာ ကားလိပ်၊ မီးအလင်းအမှောင်၊ ဇာတ်ခုံအပြင်အဆင် ကောင်းမွန်မှုနဲ့ အနုပညာပေါင်းစပ်ဖျော်ဖြေတင်ဆက်မှုဟာ ပရိသတ်ကိုဆွဲဆောင်နိုင်တဲ့ အချက်တစ်ချက်ပါပဲ"ဟု မင်းသားဖိုးချစ်က ဆက်လက်ရှင်းပြသည်။

ဝါရင့်ဇာတ်မင်းသား တင်ကိုဝင်း

ဝါရင့်ဇာတ်မင်းသား တင်ကိုဝင်းကလည်း မျက်မှောက်ခေတ် ဇာတ်သဘင်လောကနှင့် ပတ်သက်၍ ပြောပြသည်မှာ **"ကျွန်တော်တို့ ဒီမှာကပြတဲ့ပုံစံကတော့ မြန်မာသံ သီဆိုဖျော်ဖြေမှု၊ ဟာသ တစ်ခန်းရပ်၊ စတိတ်ရှိုး၊ အငြိမ့်ခန်း၊ ပြဇာတ်နဲ့ နှစ်ပါးသွားဆိုပြီး တင်ဆက်ကပြပါတယ်။ ဒါပေမယ့် နောက်ပိုင်းဇာတ်ကိုတော့ ရောဝတီတိုင်းနဲ့ အထက်မြန်မာနိုင်ငံပွဲတွေမှာ မကလို့ မရဘူး။ ဒီဒေသတွေက နောက်ပိုင်းကို ဦးစားပေးကြည့်ကြတယ်"**ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

နှစ်ပါးသွားနဲ့ စတိတ်ရှိုးကို လူကြိုက်များပါတယ်။

မိုးချစ်

ဇာတ်သဘင်လောကမှာ သူ့ခေတ်နှင့်သူ လူကြိုက်များတာတွေ ရှိပါတယ်။

မိုးမင်း

နောက်ပိုင်းဇာတ်ကို ရောဝတီတိုင်းနဲ့ အထက်မြန်မာနိုင်ငံပွဲတွေမှာ မကလို့ မရဘူး။ ဒီဒေသတွေက နောက်ပိုင်းကို ဦးစားပေးကြည့်ကြတယ်။

တင်ကိုဝင်း

မြန်မာ့ရိုးရာ ဇာတ်သဘင်လောက ဆက်လက်ရှင်သန် ထွန်းကားရေးအတွက် အစဉ်ကြိုးပမ်းအားထုတ်နေပါတယ်။

ကိုဇေ

အောင်မြင်ကျော်ကြားနေသော မင်းသားမိုးမင်း

ဇာတ်သဘင်လောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသော မင်းသား မိုးမင်းကလဲ **"ကျွန်တော် ကပြနေတဲ့ ဇာတ်ရဲ့ အစီအစဉ်တွေကတော့ ဘုရားကန်တော့ခန်း၊ အပျိုတော်အက၊ အော်ပရာ၊ ရိုးရာကပွဲ၊ မြန်မာသံစဉ် ဖျော်ဖြေတင်ဆက်မှု၊ စတိတ်ရှိုး၊ ဟာသ တစ်ခန်းရပ်၊ ပြဇာတ်၊ နှစ်ပါးသွားဆိုပြီး ကပြနေပါတယ်။ ဇာတ်သဘင်လောကမှာ သူ့ခေတ်နဲ့သူ လူကြိုက်များတာ တွေ့ရှိပါတယ်။ ဥပမာပြောရရင် ရွှေမန်းဦးတင်မောင်ခေတ်ကဆိုရင် နောက်ပိုင်းဇာတ်ထုပ်တွေ ကပြတာ လူကြိုက်များတယ်။ မြို့တော်သိန်းအောင်ခေတ်မှာဆို ပြဇာတ်ကပြတာ လူကြိုက်များပါတယ်"**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဇာတ်သဘင်လောကမှာ ကြီးလေးကြီးလို့ ခေါ်ရလောက်အောင် နာမည်ကြီးတဲ့ ကိုချမ်းသာ၊ ကိုနန်းဝင်း၊ ကိုသိန်းဇော်နဲ့ ကိုမိုးဝင်းတို့ခေတ်မှာဆိုရင် နှစ်ပါးသွားက လူကြိုက်အများဆုံးပါပဲ။

"ကျွန်တော့်ခေတ်ကျတော့ ပြဇာတ်က ဗီဒီယို၊ ရုပ်ရှင်တွေပေါ်လာတော့ ဇာတ်သဘင်မှာ အားပေးမှု လျော့ပါးလာပါတယ်။ စတိတ်ရှိုးကို အဓိကလူကြိုက်များလာပါတယ်။ ပြီးတော့ နှစ်ပါးသွားကဏ္ဍကိုလဲ လူငယ်လူရွယ်တွေ အားပေးမှုနဲ့ နုပျိုလန်းဆန်းလာပါတယ်"ဟု မင်းသားမိုးမင်းက မြန်မာ့အလင်းသို့ ဆက်လက်ပြောကြားသည်။

ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းဆင်း ကိုဇေ

ကိုဇေ ဇာတ်သဘင်မှ ယဉ်ကျေးမှု တက္ကသိုလ်ကျောင်းဆင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မင်းသား ကိုဇေကလဲ ယနေ့ခေတ် ဇာတ်သဘင်လောက သူ၏ အမြင်ကို ပြောပြသည်မှာ **"ကျွန်တော် အခုတင်ဆက်နေတဲ့ဇာတ်ပွဲမှာ မြန်မာသံ သီဆိုမှု၊ အားပေးမှု များပါတယ်။ လူကြိုက် အများဆုံးကတော့ နှစ်ပါးသွားအက ဖြစ်ပါတယ်။ အခြားပရိသတ် ကြိုက်နှစ်သက်ရာ အခန်းတွေကို အလျဉ်းသင့်ရင် သင့်သလို တင်ဆက်ပါတယ်။ ဇာတ်သဘင် အင်္ဂါရပ်နှင့်အညီ အော်ပရာ၊ ပြဇာတ်၊ စတိတ်ရှိုးအားလုံး တင်ဆက်ကပြပါတယ်။**

ဒီဘက်ခေတ် အနောက်တိုင်း တေးဂီတများ ထိုးဖောက်လာချိန်မှာ ပရိသတ်များလက်ခံတဲ့ နှစ်ပါးသွား၊ စတိတ်ရှိုးတို့နဲ့ မြန်မာ့ရိုးရာဇာတ်သဘင်လောက ဆက်လက်ရှင်သန် ထွန်းကားရေးအတွက် အစဉ်ကြိုးပမ်းအားထုတ်နေပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားပါသည်။ ။ **(မြန်မာ့အလင်း)**

ဇာတ်မင်းသား ဖိုးချစ်ရဲ့ ပဏာမတေးဆို ကန့်လန့်ကာအဖွင့်မှာ ဤသို့ ....

ဖေဖော်ဝါရီ ၁၈ ရက်က မဟာသီရိသုဓမ္မ သတိုးမဟာသရေစည်သူ ဦးလွန်းဘော်-ဒေါ်ဖွားမျှင် တို့အားရည်စူး၍ ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် ၃ ရပ်ကွက် အမှတ်(၉၁) ဖလမ်းနေ ဗိုလ်မှူးကျော်ငြိမ်း(ငြိမ်း)၊ ဒေါ်တင်ကြည် သားသမီး မြေးမြစ်တစ်စုတို့က ငါးထပ်ကြီးဘုရားစောင်းတန်း ဆောက်လုပ်ခြင်း အလှူငွေ တစ်ခန်းအတွက် ငွေကျပ် ၁၀ သိန်းကို ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဘတင်နှင့် ဦးသောင်းညွန့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဩဝါဒါစရိယနှင့် နာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ သာသနာနုဂ္ဂဟ သဟပုညကာရီအဖွဲ့က အကျိုးဆောင်၍ကျင်းပသော (၃၉)ကြိမ်မြောက် မြောက်ဥက္ကလာပ မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မာနုဂ္ဂဟစာမေးပွဲကြီးကို တပို့တွဲလပြည့်ကျော် ၃ ရက် (တနင်္ဂနွေနေ့)မှ ၉ ရက် (စနေနေ့)အထိ (ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ)ကျင်းပမည်ဖြစ်ပြီး စာအောင်ဆုကပ်လှူပွဲကို တပေါင်းလဆန်း ၁၀ ရက်(တနင်္ဂနွေနေ့) မတ် ၁၆ ရက်တွင်ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များ ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ **(၁၁၈)**

သုံးခွမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

သုံးခွမြို့နယ်အသင်း(ရန်ကုန်) ၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲတွင် အသက် (၇၅)နှစ်အထက် အသင်းဝင်များအား ပူဇော်မည်ဖြစ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်သားသမီးများနှင့် နိုင်ငံတော်အဆင့် ပညာရေး၊ လူမှုရေး၊ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် စသည်တို့တွင် ထူးချွန်သူများ၊ ဂုဏ်ထူး၊ ဘွဲ့ထူးရရှိသူအသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများအား ဆုချီးမြှင့်မည်ဖြစ်ရာ အသင်းနာယက ဦးသန်းထွန်း ဖုန်း-၂၉၂၁၉၂၊ ဥက္ကဋ္ဌ ဦးစောလှိုင် (လှကမ္ဘာပရိဘောဂ) ဖုန်း-၂၉၃၃၁၁၊ အတွင်းရေးမှူး ဦးမြသိန်း ဖုန်း-၆၆၁၃၉၇ နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်စာရင်းပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူ ဓမ္မာရုံကြီးတွင် (၂၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရား သင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်သည်။ ထို့အပြင် တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဝိပဿနာအထိုင်စခန်းရှိကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပါရာဒိုက်ဟိုတယ်အနီး ဗုံးပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မိုင်းဖုန်း(က)အုပ်စု ပါရာဒိုက်ဟိုတယ်အနီး၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ဟိုတယ်အလုပ်သမားတန်းလျား အစွန်ဆုံးအခန်း၏ ခေါင်မိုးတိုင်အရင်းပြတ်၍ ကြမ်းခင်းဝါး နှစ်ပေခန့် ပျက်စီးခဲ့သည်။

ထပ်မံဖြစ်ပွား

အလားတူ နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် အဆိုပါအလုပ်သမားတန်းလျားနှင့် ပေ ၁၀၀ ခန့်အကွာရှိ ရွှေမြန်မာလက်ဖက်ရည်ဆိုင်အနီး၌လည်းကောင်း၊ နံနက် ၂ နာရီ မိနစ် ၅၀ ခန့်တွင် အဆိုပါလက်ဖက်ရည်ဆိုင်မြောက်ဘက် ပေ ၃၀၀ ခန့်အကွာ သစ်ပင်ခြေရင်း၌လည်းကောင်း၊ နံနက် ၂ နာရီ ၅၅ မိနစ်ခန့်တွင် အဆိုပါသစ်ပင်၏အနောက်ဘက် ကိုက် ၁၅၀ ခန့်အကွာ ကိုင်းတောအတွင်း၌လည်းကောင်း ပေါက်ကွဲမှုများ ထပ်မံဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။ အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်အတွက် တာဝန်ရှိသူများက လိုအပ်သည်များ စုံစမ်းစစ်ဆေးဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း လိုတို ရှင်း သတင်းများ

ဓမ္မသိဒ္ဓိ ကလိုင်ထော်စေတီဗုဒ္ဓပူဇနိယပွဲ

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ ရှေးဟောင်းသမိုင်းဝင် ဓမ္မသိဒ္ဓိ ကလိုင်ထော် စေတီတော်၏ နဝမအကြိမ်ဗုဒ္ဓပူဇနိယပွဲ တော်နှင့် မဟာပဋ္ဌာန်း ရွတ်ဖတ် ပူဇော်ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါစေတီတော်၌ကျင်းပရာ ရှေးဦးစွာ တိုင်းသံဃာ့ဝန်ဆောင် ဆရာတော် ရွှေကျီးသာ မဟာဝိနယာရာမပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဝိနယာစာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက် တည်ကြသည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုတိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်မင်္ဂလာဒုံမြို့နယ် ပညာရေးမိသားစုများကိုယ်စား အမှတ်(၃) အခြေခံ ပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသိန်းက စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ အလှူငွေကျပ် ၄၅၀၀၀၀ ကို ပေးအပ်လှူဒါန်းပြီး ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

ဗန်းမော်စည်ပင် ကျေးလက် ကျောက်ချောလမ်းဖွင့်

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ခဲ့သော အကျယ် ၁၂ ပေ အရှည်ပေ ၂၇၂၀ ရှိ နမ့်ဖား-မြောက်ကုန်း ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ က အဆိုပါကျေးရွာလမ်းသစ်မုခ်ဦး ရှေ့၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်နှင့် နမ့်ဖားကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်လွင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

လေးမျက်နှာမြို့၌ လက်နှိပ်တုံကင်တွင်းဖွင့်

လေးမျက်နှာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော မဲဇလီကျေးရွာတွင် တစ်လက်မခွဲ လက်နှိပ် တုံကင်တွင်း ဖွင့်ပွဲအခမ်းအနားကျင်းပရာ အမှုဆောင်အရာရှိနှင့် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရ သည်။ (မြို့နယ်စည်ပင်)

ဘုရားသုံးဆူစည်ပင် မီးပိုချောင်သီးနှံစိုက်ပျိုး

ဘုရားသုံးဆူမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းစိုက်ခင်းအတွင်း ဝန်ထမ်းများ စုပေါင်း၍ မီးဖိုချောင်သီးနှံစိုက်ပျိုးဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၀ ရက်က တာဝန်ခံ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့ ကြီးကြပ်ဆောင်ရွက် ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြေယာရှင်း အလှဆင်

မိုးညှင်းမြို့အဝင် ဆိုင်းဘုတ်တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက သန့်ရှင်းသာယာလှပရေးအတွက် မြေယာရှင်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းတင်ပြကြောင်း သိရ သည်။ (မြို့နယ်စည်ပင်)

မြို့မဈေး သန့်ရှင်းရေးဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး အတွင်း အမြဲသန့်ရှင်းစေရေးအတွက် အမှိုက်သိမ်းဆည်း ဆောင်ရွက်နေခြင်းကို ဇန်နဝါရီ ၁ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော် ကြီးကြပ်စစ်ဆေးရာ ဒုတိယ ဦးစီးမှူး(ဈေး) ဦးသက်တင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ထီးလင်း၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊အဖွဲ့ဝင်၊စာရေးများ လုပ်ငန်းစွမ်းရည်မြင့်မားရေးသင်တန်း(၂/၂၀၀၈) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာ၊ ဥက္ကဋ္ဌ ၃၇ ဦး၊ အဖွဲ့ဝင် ၃၅ ဦးနှင့် စာရေး ၃၈ ဦးတို့ တက်ရောက်ကြသည်။ (၀၇၁)

ပြည်သူများ အပန်းဖြေအနားယူရေး ပန်းအလှပင်များစိုက်ပျိုး

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း မြို့နေပြည်သူများ အပန်းဖြေအနားယူရေးအတွက် တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သော ဝန်ထမ်းများက ပန်းအလှပင်များ ထပ်မံစိုက်ပျိုးနေမှုနှင့် အရိပ်ရပင်များအား စနစ်တကျ လှပနေစေရေးအတွက် ကိုင်းဖြတ်စက်များဖြင့် ပုံဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက အနီးကပ်ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖူးမဝသည့် ထူးလှသည့် ပြည်လုံးချမ်းသာ(ခေါ်)ရှင်စောမြတ်စေတီတော်

သတင်းဆောင်းပါး-မောင်တင်လှိုင်(ဟိုတယ်/ခရီး) **စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း**

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဧရာဝတီတိုင်းသည် ရေခံမြေခံ အလွန် ကောင်းသည့်ဒေသဖြစ်သည်။ ယခုအခါ ကုန်း၊ ရေ၊ လေ လမ်းသုံးသွယ်ဖြင့် သွားလာရေးလွယ်ကူသော ဒေသဖြစ်သည်။ မြတ်ဗုဒ္ဓသာသနာတော်အစဉ်ထွန်းကား ရာ ပဋိရူပဒေသလည်း ဖြစ်သည်။ ရှေးပုဂံခေတ်ကပင် ဆပွမထေရ်စသော ဘုရား သားတော် အာဇာနည်ပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းရာဒေသလည်းဖြစ်သည်။

ပြည်လုံးချမ်းသာ(ခေါ်)ရှင်စောမြတ်စေတီတော်အား ဤသို့သပ္ပာယ်စွာ ဖူးတွေ့ရသည်။

မြတ်စွာဘုရားအား ရည်စူး၍ တည်ထားကိုးကွယ်ခဲ့သော စေတီဘုရားပုထိုး များစွာရှိခဲ့ရာ ကာလကြာမြင့်သည့်အခါ အချို့သောစေတီဘုရားများမှာ သဘာဝ ဘေးဒဏ်ကြောင့် ဟောင်းနွမ်းပျက်စီးခဲ့ရာ ဘုရားသားတော် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များသည် စွန့်စွန့်စားစား သာသနာတော်အလုပ်ကို ကြိုးစားဆောင်ရွက် လုပ်ကိုင်လျက်ရှိရာ သပ္ပာယ်စွာ ဖူးတွေ့ခဲ့ရပေသည်။

ထေရဝါဒသာသနာ မျိုးစေ့ချ

သီရိဓမ္မာသောကမင်း လက်ထက် ကိုးတိုင်း၊ကိုးဌာနသို့ ထေရဝါဒ သာသနာပြု စေလွှတ်ရာတွင် အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တမမထေရ်တို့ သုဝဏ္ဏဘုမ္မိ (သထုံ)ပြည်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံတော်အတွင်း ထေရဝါဒသာသနာကို မျိုးစေ့ချခဲ့သည်။ ထို့နောက် သာသနာနှစ် ၁၅၅၁ ခုနှစ် သထုံမှ အရှင်ဓမ္မဒဿီ (အရှင်အရဟံ)သည် ပုဂံပြည်သို့ ရောက်ရှိလာပြီး ဘုရင်အနော်ရထာနှင့် တွေ့ဆုံ သာသနာပြုခဲ့သဖြင့် ထေရဝါဒသာသနာတော်ကြီး မြန်မာတစ်နိုင်ငံလုံး စည်ပင် ပြန့်ပွားခဲ့သည်။ ပြည်ထောင်စု မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံဖြစ်ခဲ့ပြီး ဧရာဝတီတိုင်းတွင် ၂၆ မြို့နယ်ရှိရာ ဘုရားပုထိုးစေတီများသည်လည်း မြို့နယ် အသီးသီးတွင် တည်ထားကိုးကွယ်လျက် ရှိကြသည်။ မြောင်းမြခရိုင် လပွတ္တာ မြို့နယ် လပွတ္တာလုပ်(တောင်)ကျေးရွာရှိ ဟံသာဝတီဘုရင်မကြီး ရှင်စောပုသည် လွန်ခဲ့ သော နှစ်ပေါင်း ၆၀၀ ကျော်ခန့်က တည်ထားကိုးကွယ်ခဲ့သော ပြည်လုံးချမ်းသာစေတီ (ခေါ်)ရှင်စောမြတ်စေတီ တော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် သာသနိက အဆောက်အအုံများ ရေစက်ချမင်္ဂလာအခမ်းအနားသို့ စာရေးသူ တက်ရောက် ဖူးမြော်ကြည်ညိုခွင့်ရရှိခဲ့သည်။

တက်ရောက်

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ အောင်မြေဘုံစံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒနှင့် ပင့်သံဃာတော်များ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

သပ္ပာယ်စွာ ဖူးမြော်

ဘုရားကြီးမှာ မပြုပြင်ခဲ့စဉ်က ချုံနွယ်ပိတ်ပေါင်းများ ဖုံးနေခဲ့ရာ ယခု အခါတွင် ရွှေတောင်ကြီးပမာ သပ္ပာယ် စွာ ဖူးမြော်ခဲ့ရသည်။ ကျေးလက် တောရွာထဲတွင် အံ့မခန်းလောက် သပ္ပာယ်အောင် ပြန်လည်ပြုပြင်ခြင်း၊ စေတနာသဒ္ဓါအားကြီးမားကြသောအလှူ ရှင်များက လှူဒါန်းငွေများကို သာသနာ အတွက် လှူဒါန်းခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် လုပ်ကိုင် ဆောင်ရွက်ခြင်းကြောင့် လပွတ္တာမြို့မှ လေးမိုင်၊ လေးဖာလုံ ကွာဝေးသောလမ်း ကို ကျောက်ချောလမ်းဖြစ်အောင် ပြုပြင် နိုင်စွမ်းရှိသော ဆရာတော်အားကြည်ညို စွာ ဖူးမြော်ခဲ့ရသည်။ ထိုဆရာတော်မှာ သန်လျင်မြို့ ဒေဝဒဟ သဗ္ဗသိဒ္ဓိနတ်စင် တစ်ရာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ပညာတေဇ ဖြစ်သည်။

> **ပြည်လုံးချမ်းသာ(ခေါ်) ရှင်စောမြတ်စေတီတော် မြတ်ကြီးအား ဘက်စုံမွမ်းမံပြီးစီးခဲ့ပြီး ဘုရားဝတ်ပြု သူများ၊ တရားအားထုတ်လိုသူများ၊ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးနေသည်ကို ကြည်ညိုစွာ ဖူးမြော် နိုင်ရန်အတွက် လောင်းဝေဿန် မင်္ဂလာဓမ္မဗိမာန်တော်ကြီး ကို အလျားပေ ၁၃၀၊ အနံ ၄၂ ပေရှိ သံတိုင်၊ သံထုပ်၊ သံဒိုင်းများဖြင့် စတင်ဆောက်လုပ်ပြီးစီးခဲ့ရာ ဘုရားကြီး နှင့် ပန်ရ တင့်တယ်လှပေသည်။**

စတင်ပြုပြင်

ပြည်လုံးချမ်းသာ(ခေါ်)ရှင်စောမြတ် စေတီတော်မြတ်ကြီးကို ၁၉၉၁ ခုနှစ်တွင် ဆရာတော်က တွေ့ရှိပြီး ၁၉၉၂ခုနှစ်တွင် ဆရာတော်၏ဦးဆောင်မှုဖြင့် ပါရမီ ဖြည့်ဖက် တပည့်ဒါယကာ၊ ဒါယိကာမအရင်းဖြစ်သူ စင်ကာပူနိုင်ငံမှ မစ္စတာ ချူးကော့အန်းနှင့်ဇနီးဒေါ်ငွေငွေမော် (ဘဏ်ဝင်းစာပေ)မိသားစုတို့က ဆရာဒကာ ညီညာစွာဖြင့် ထိုစေတီကို စတင်ပြုပြင်ခဲ့ကြသည်။

လုံးတော်ပြည့် ရွှေသင်္ကန်းကပ်

၂၀၀၂ ခုနှစ်တွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်အသစ်တို့ကို တစ်ဖန်ပြန်လည်တင်လှူပူဇော်ခဲ့ရာ စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့သည်။

ရောင်ခြည်တော်ကွန့်မြူး

ရှင်စောမြတ်စေတီတော်မှာ ၂၆-၁၂-၂၀၀၄ရက်က ငလျင်ဒဏ်ပြင်းထန်စွာ ခံစားတော်မူခဲ့ရပြီး နောက်တစ်နေ့ ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက် ဆက်တိုက် ရောင်ခြည်တော်များ ထူးဆန်းစွာ ထွက်ပေါ်ကွန့်မြူးခဲ့သည်။ ထို့နောက်ပိုင်း၌လည်း ငါးရက်ဆက်တိုက်၊ ခုနစ်ရက်ဆက်တိုက် စသည်ဖြင့် နေ့ရောညပါ ရောင်ခြည်တော်များ ဆက်လက်ကွန့်မြူးခဲ့ရာ ယနေ့တိုင်အောင် ဖူးမြော်ကြရသည်။

ထာဝရ ထောက်ပံ့

စာရေးသူသည် ရောင်ခြည်တော်ကွန့်မြူးသည့် သတင်းကြား၍ သွားရောက် ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့သည်။ ဆရာတော်နှင့် အလှူရှင်များသည် စေတီတော်ကြီး အား ကွဲအက်ကြေမွလျက်ရှိသည့်နေရာများအား ပြုပြင်မွမ်းမံခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူခြင်း၊ ရှင်စောပုဘုရင်မကြီး တန်ဆောင်း တည်ဆောက်ခြင်း၊ ရင်ပြင်တော် ကြွေပြားခင်းခြင်း၊ နဂါးရုံဘုရား တည်ဆောက်ခြင်း၊ ခြေတော်ရာ တန်ဆောင်းတည်ဆောက်ခြင်း၊ အုတ်တံတိုင်းမြှင့်တင်ခြင်း၊ စေတီတော် အဝင်လမ်း ဖောက်လုပ်ခြင်း၊ ဂြိုဟ်တိုင်ရှစ်တိုင်တည်ဆောက်ခြင်း၊ ဝိဇ္ဇာတန်ဆောင်း တည်ဆောက် ခြင်း၊ သံပန်းတံခါးတပ်ဆင်ခြင်း၊ ရှင်သီဝလိရဟန္တာ၊ မဟာဗောဓိပလ္လင်ဘုရား၊ ရုပ်ပွားတော်တည်ဆောက်ခြင်း၊ ပဉ္စဝဂ္ဂီငါးဦးရုပ်ပွားတော် တည်ဆောက်ခြင်း၊ ဝသုန္ဓြေ နတ်သားရုပ်တုတည်ဆောက်ခြင်း၊ ရေကန်နှစ်ကန် တူးဖော်ခြင်း၊ လောင်းဝေဿန် လိုတရ ကျောင်းတိုက်တည်ဆောက်ခြင်း၊ လောင်းဝေဿန် မင်္ဂလာမဏ္ဍပ် တည် ဆောက်ခြင်း၊ မုခ်ဦး တည်ဆောက်ခြင်း၊ မီးစက်သုံးလုံး၊ ဒိုင်နမို သုံးလုံးတပ်ဆင်ခြင်း လုပ်ငန်းများကို လှူဒါန်းဆောင်ရွက်ခဲ့ရာ ဆရာတော်ဘဒ္ဒန္တ ပညာတေဇမှ ငွေကျပ် သိန်း ၅၀၀ ပါဝင်လှူဒါန်းခဲ့သည့်အပြင် ဆရာတော်သည် ပြည်တွင်းပြည်ပ သာသနာပြုခြင်း၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါး လှူဒါန်းခြင်း ထူးခြားစွာ ထာဝရ ထောက်ပံ့နေကြောင်း လေ့လာ သိရှိရသည့်အတွက် ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်။

လောင်းဝေဿန် မင်္ဂလာဓမ္မဗိမာန်

ထို့အတူ မစ္စတာ ချူးကော့အန်းနှင့် ဇနီး ဒေါ်ငွေငွေမော် မိသားစုတို့က ငွေကျပ်သိန်း ၁၆၅၀ ကျော် မှတ်တမ်း များအရ လှူဒါန်းထားသည်ကို တွေ့ရ သည့်အတွက် သာဓုအကြိမ်ကြိမ် ခေါ်မိ သည်။ ယခုအခါ **ပြည်လုံးချမ်းသာ(ခေါ်) ရှင်စောမြတ်စေတီတော် မြတ်ကြီးအား ဘက်စုံ မွမ်းမံပြီးစီးခဲ့ပြီး ဘုရားဝတ် ပြုသူများ၊ တရားအားထုတ်လိုသူများ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူး နေသည်ကို ကြည်ညိုစွာ ဖူးမြော် နိုင်ရန်အတွက် လောင်းဝေဿန် မင်္ဂလာဓမ္မဗိမာန်တော်ကြီးကိုအလျားပေ ၁၃၀၊ အနံ ၄၂ ပေရှိ သံတိုင်၊ သံထုပ်၊ သံဒိုင်းများဖြင့် စတင် ဆောက်လုပ်ပြီးစီး ခဲ့ရာ ဘုရားကြီးနှင့် ပန်ရ တင့်တယ်လှပေသည်။** ယခုနှစ်တွင် ဗုဒ္ဓပူဇနိယပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ကျင်းပပူဇော်မည်ဖြစ်ရာ ဘုရား ဖူးမြော်လိုသူများ မော်တော်ကားဖြင့် သွားလိုပါက ရန်ကုန်မြို့ ဘုန်းကြီးလမ်း အလယ် (၆၃-A)ပထမထပ် လပွတ္တာမြို့နယ် အသင်းတိုက် ရွှေဝါဖူးကားဂိတ် ရွှေလဝင်းကားစသည်တို့ဖြင့် လပွတ္တာမြို့သို့ သွားလာနိုင်သည်။ နေ့စဉ် ညနေ ၆ နာရီတွင် စတင်ထွက်ပြီး နောက်တစ်နေ့ နံနက် ၅ နာရီခန့်တွင် လပွတ္တာမြို့သို့ ရောက်ရှိမည်။ ထိုမှတစ်ဆင့် လပွတ္တာလုပ် (တောင်)ရွာ ရှင်စောမြတ်စေတီတော်သို့ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီး၊ ခြေကျင်ခရီး စသည်တို့ဖြင့် သွားလာနိုင်သကဲ့သို့ ရန်ကုန်မြို့မှ လပွတ္တာမြို့သို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် နှစ်ထပ်ရေယာဉ်ကြီးများဖြင့်လည်း သွားရောက်ဖူးမြော်နိုင်ပေသည်။

အသစ်ပြန်လည်ပြုပြင်

လပွတ္တာမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ရှိရမည့်အပြင် ဧရာဝတီတိုင်း ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာသနိက အဆောက်အအုံများကိုလည်း ပြန်လည် ပြုပြင်ပြီး မုခ်ဦးများကိုလည်း အသစ်ပြန်လည်ပြုပြင် ထားသည့်အတွက် ရှင်စောမြတ် စေတီကို အလွန်သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ကြောင်း ဓမ္မဒါန ရေးသားလိုက်ရ ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

19-2 (11) 1 2/19/08, 1:19 AM

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၆/၂၀၀၈)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျွမ်းကျင်စိတ်ချရသော အရည်အချင်းပြည့် ယာဉ်မောင်းများတာဝန်ပေး ပညာပေး၊စစ်ဆေး၊အရေးယူခြင်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ (၆/၂၀၀၈)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ၁၅ရက် ညနေ၄နာရီက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က သာမန်ဖြစ်ရိုးဖြစ်စဉ်ထက် အကြိမ်ရေများစွာ တိမ်းမှောက်ဒဏ်ရာရသေဆုံးမှုများ ဖြစ်ပေါ်ပါက ဘက်ပေါင်းစုံမှ ထိခိုက်နစ်နာဆုံးရှုံးနိုင်သဖြင့် တာဝန်ရှိသူများက ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရေး၊ ယာဉ်ပိုင်ရှင်များကလည်း ယာဉ်မောင်းသင်တန်းတက်ရောက်ပြီး ကျွမ်းကျင်စိတ်ချရသော အရည်အချင်းပြည့်ဝသည့် ယာဉ်မောင်းများကိုသာ စိစစ်ရွေးချယ် တာဝန်ပေးအပ်ကြရေး၊ ကော်မတီအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ ပညာပေး၊ စစ်ဆေး၊ အရေးယူခြင်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးဆောင်ရွက်မှု၊၂၀၀၈ခုနှစ်အတွင်းဆောင်ရွက်မည့်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်လျာထားချက်များနှင့် ကော်မတီမှထုတ်ပြန်ကြေညာမည့် သတိပေးနှိုးဆော်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ကော်မတီ၊ ဆပ်ကော်မတီများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu သည် ဖေဖော် ဝါရီ ၁၅ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး **(အောက်ပုံ)** စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော မူခင်းကျဆင်းရေးနှင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ၃ရက်က လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအားကစားခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် တက်ရောက်အဖွင့်အမှာစကား ပြောကြားစဉ်။ (ဝ၉၇)

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ)ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် ၆နှင့်၇ အကြားမှ ဖွင့်လှစ်ထားခဲ့ရာ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ဖေဖော်ဝါရီ ၁၈ရက်မှစတင်၍ အစုန်၊အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်၇နှင့်၈ အကြားမှ ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ၃၀၀ရှိ၍ ကင်းလွတ်အမြင့်မှာ ပေ ၄၀ ရှိပြီး ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်၌ အစိမ်းရောင်တြိဂံ အမှတ်အသားပြသကာ ညအခါတွင် မီးစိမ်းထွန်းပြသထားမည် ဖြစ်သည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါတွင် မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံသည် ရေလယ်တိုင်၏တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များသည် တစ်တွဲချင်းချိတ်ဆွဲ ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

လန်ဒန်မြို့ မိုးကုတ် ဝိပဿနာ ရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီရိရတနာ)မွှာရုံ အမှတ်၉၈ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်သို့ အမှတ်၂၁ သီရိမင်္ဂလာလမ်း ကမာရွတ်မြို့နယ်နေ ဦးစိန်ဖေ၊ ဒေါ်ခင်ခင်ရီနှင့် ညီမ ဒေါ်မေစမ်းကြည်မိသားစုက အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံစဉ်။ (က–ပ)

မြောက်ဥက္ကလာပ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်းသစ်ဖွင့်လှစ်ခြင်းနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က ဝေဘာဂီမြို့သစ် ၄ရပ်ကွက် မေခလမ်း အမှတ် ၁၇၇ရှိ အဖွဲ့တည်ရာဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တစ်သက်တာစာပေဆုရ စာပေပညာရှင်ကြီးများဖြစ်ကြသော ဦးလှကြိုင်(ပါရဂူ)၊ ဦးလေးမြိုင်(လေးမြိုင်)နှင့် ဦးဌေးမောင်(ဌေးမောင်)တို့က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်ကို ချိတ်ဆွဲပေးပြီး ရုံးခန်းသစ်ကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့၏ လစဉ် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပရာ ရှေ့လုပ်ငန်းစဉ်များအဖြစ် မြို့တည် နှစ်(၅၀)ပြည့် ရွှေရတု မဂ္ဂဇင်းထုတ်ဝေရေး၊ အဖွဲ့ဝင်များ၏ နာမကျန်းထောက်ပံ့မှု ရန်ပုံငွေရှာဖွေရေးနှင့် ပြင်ပသုတလေ့လာရေး၊ ခရီးစုပေါင်းသွားရောက်ရေး လုပ်ငန်းစဉ်များ ဆွေးနွေးဆုံးဖြတ်ကြသည်။

(၁၁၈)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖေဖော်ဝါရီ ၁၀ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် အရှေ့ဘုရားလမ်း ကတ္တရာ ထပ်ပိုးလွှာဖွင့်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ် အမှုဆောင်အရာရှိ ဦးစိုးထွန်းနှင့် ဈေးချိုတောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးချစ်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)



ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ပြိုင်ပွဲ ရန်ကုန်မြို့ ဂေါက်ကလပ်၌ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးသော ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship-2008 Qualify Round)ကို ဖေဖော်ဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ် တည်းကုန်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စိန့်အင်ဒရူးဥပဒေသနှင့် ဒေသန္တရစည်းမျဉ်းဥပဒေသများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျောပေးပြိုင်ပွဲ System (36) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ကူညီပံ့ပိုး

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co.,Ltd.ကဖြစ်ပြီး၊ Co-Sponsors များအဖြစ် Dusit Inya Lake Hotel, Srixon နှင့် Alpine (Purified Drinking Water)တို့ကလည်း ထပ်မံ၍ပံ့ပိုးကူညီကြမည်ဖြစ်ကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် (Han Event Management) က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အပျော်တမ်းအဆင့် အမျိုးသားဂေါက်သီးရိုက်အားကစားသမားများသည် ဖေဖော်ဝါရီ ၂၆ ရက် နောက်ဆုံးထား၍ ရန်ကုန်ဂေါက်ကလပ် ဖုန်း-၀၁-၆၃၅၅၆၃ သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂)လှိုင်သာယာ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

လှိုင်သာယာမြို့နယ် အထက(၂)ကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ပထမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို လာမည့် ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို လှိုင်သာယာမြို့နယ်၌ ဒေါ်ခင်ဌေး(ကျောင်းအုပ်) အထက(၂) လှိုင်သာယာ ဖုန်း-၆၄၅၀၇၂၊ ကိုကိုမောင်(ဂုဏ်ထူးဦးမောင်မောင်) ဖုန်း-၀၉-၅၁-၉၂၇၁၃၊ ကိုသန့်ဇင် SKY ကွန်ပျူတာ(အထက-၂၊ကျောင်းရှေ့) ဖုန်း-၂၄၇၉၈၂၊ ၇၂၀၆၅၈၊ ကိုအောင်မျိုး ပုလဲကွန်ပျူတာ(မီးခွက်ဈေး) ဖုန်း-၆၄၅၁၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဆရာမကြီးများ ရပ်ဝေးသို့ရောက်ရှိနေပါက အထက်ပါဖုန်းများသို့ အမြန်ဆုံးဆက်သွယ်ပေးပါရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဖေဖော်ဝါရီ၁၆ရက်က တာမွေမြို့နယ် ဗိုလ်ရှင်း(?)ရေအိုးစင် ကွက်သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးရှေ့တွင် တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဉာဏ်ဝင်းက ရပ်ကွက်အတွင်းရှိ ပြည်သူများအား မူခင်းကျဆင်းရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောစဉ်။

(မြန်မာ့အလင်း)

နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ဟိုလီကျေးရွာ **'ပညာ့အလင်း'** စာကြည့်တိုက်ခန်းမ၌ကျင်းပရာ စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားသည့် **ညီညွတ်သော၊ အေးချမ်းသော ကျေးလက်စာပေခရီး** ဆောင်းပါးကို ဟိုလီကျေးရွာပြည်သူ ဦးမောင်စိန်နှင့် ဒေါ်ဝင်းယုစံတို့က ဖတ်ကြားပြီး ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နေခြည်သွေးက သုံးသပ်ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်စည်းကမ်းလိုက်နာရေး စစ်ဆေးပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မော်တော်ယာဉ်များ မတော်တဆယာဉ်အန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် ဦးကံညွန့် (တိုင်းဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်း)နှင့် ဦးအေးအောင် ဥက္ကဋ္ဌ (ရန်ကုန်တိုင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ)တို့ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း ကုန်တင်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ နှင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့တို့ဖြင့် အင်းတိုင် ကုန်တင်ယာဉ်စစ်ဆေးရေးစခန်း၌ ဖေဖော်ဝါရီ၁၇ ရက်က ရန်ကုန်- ပဲခူးလမ်းမကြီးပေါ်တွင် ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ကုန်တင်မော်တော်ယာဉ်ကြီးများတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ရှိ/မရှိ၊ မှန်ကန်မှု ရှိ/မရှိနှင့် သတင်းပို့စနစ်များအား လိုက်နာမှု ရှိ/မရှိ တို့အား ကြီးကြပ်စစ်ဆေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ယာဉ်များ စည်းကမ်းစနစ်တကျမောင်းနှင်စေရေးအတွက် ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (မြန်မာ့အလင်း)

ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာ အုတ်မြစ်တော်စီမင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာကျောင်းတိုက်တွင် ရွှေစေတီ၊ ငွေစေတီတော်နှင့် ပေ ၂၀၀ x ပေ ၆၀ သုံးထပ် ကျေးဇူးဆပ်ဗိမာန်တော်ကြီး တည်ဆောက်ရန် အုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၂၁၀၇၁ နှင့် ၀၉-၅၀-၃၉၃၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အရှိန်ပြင်းစွာကျော်တက်စဉ် ဆိုက်ကားကိုဝင်တိုက်မိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မရမ်းကုန်းမြို့နယ် ရန်ကုန်-အင်းစိန်လမ်းနှင့် အောင်သိဒ္ဓိလမ်းဆုံအနီးတွင် ယနေ့နံနက် ၉ နာရီက ယာဉ်မောင်း ဦးကျော်ဌေး ရန်ကုန်ဘက်မှ အင်းစိန်ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်အမှတ်(၉၇) တိုယိုအေ့ကားအပြာရောင်သည် လမ်းအလယ်ရှိကားကြီးအား လက်ဝဲဘက်မှ အရှိန်ပြင်းစွာ ကျော်တက်လာစဉ် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိလမ်း အိမ်အမှတ် ၅၄ နေ(အဖ)ဦးလှစိုး၏သား ဖော်ဝင်းထွဋ် အသက်(၆)နှစ် သူငယ်တန်း၊ (အဖ) ဦးစိုးမိုး၏သမီး မနွယ်နီစိုးမိုး အသက်(၉)နှစ် တတိယတန်းနှင့် မပပအောင်စိုး အသက်(၇)နှစ် ပထမတန်းတို့အား မရမ်းကုန်း အလက(၃)သို့ ကျောင်းပို့ရန် တင်ဆောင်လာသော ဆိုက်ကားနံပါတ်(မရက-၀၁၁၇)နင်းသား မောင်စန်း၏ ဆိုက်ကားနောက်သို့ ဝင်တိုက်မိရာ ကလေးများ လွင့်စဉ်သွားခဲ့သည်။ ကားမှာ လပြည့်စံ ဆေးမျိုးစုံအရောင်းဆိုင်ရှေ့ ပလက်ဖောင်းနှင့်တိုက်မိ၍ ရပ်တန့်သွားသည်။

ဆိုက်ကားနင်းသူနှင့် ကလေးသုံးယောက်မှာ သေကံမရောက် အသက်မပျောက်ဘဲ ပွန်းပဲ့ဒဏ်ရာများရရှိပြီး ယာဉ်မောင်းသူအား ပြစ်မှုဆိုင်ရာဥပဒေဖြင့် စစ်ဆေးအရေးယူထားကြောင်း သိရသည်။ **(၁၁၁)**

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကြိုးသည် ဒေသညွှန်ကြားရေးမှူး ဦးရဲနိုင်နှင့် ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိုင်းပတ်-ပန်ဆန်းလမ်း ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများကိုစစ်ဆေးရန် ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(လားရှိုး)သို့ ဖေဖော်ဝါရီ ၃ရက်က ရောက်ရှိခဲ့ရာ ဒေသကြီးကြပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအခြေအနေ၊ ဒေသညွှန်ကြားရေးမှူးဦးရဲနိုင်က မိုင်းပတ်-ပန်ဆန်းလမ်း ၆၆ မိုင် ၇ဖာလုံ ဖောက်လုပ်ပြီးစီးမှုနှင့် ကတ္တရာခင်းမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။ (ဝဲပုံ)

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် လားရှိုးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး သင်တန်းသူများ၏ စက်ချုပ်သင်ကြားမှု အခြေအနေနှင့် သင်တန်းကျောင်း၏ စိုက်ပျိုးခင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းပေး

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်က ပန်ဆန်းမြို့၌ 'ဝ'အထူးဒေသ တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများနှင့် မိုင်းပတ်-ပန်ဆန်းလမ်းပြုပြင်မှု အခြေအနေတို့ကို တွေ့ဆုံဆွေးနွေး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကြိုးနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၅ရက်တွင် ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(ပန်ဆန်း)၌ တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဌာနဆရာ ဆရာမများ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ စိုက်ပျိုးရေးဌာန မြန်မာ့နှစ်ရှည်ပင်ဌာနမှ ဝန်ထမ်းများအား တစ်ဦးချင်းတွေ့ဆုံဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ တွေ့ဆုံဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ဝင်များသည် ပန်ဆန်းမြို့ရှိ စက်မှုလက်မှု သင်တန်းကျောင်းသို့သွားရောက်ခဲ့ပြီး သင်တန်းသားများ၏ စက်ကိရိယာ၊ အင်ဂျင်များတပ်ဆင်နေမှု အခြေအနေ၊ သင်တန်းသားများ၏ အိပ်ဆောင်များ အခြေအနေ၊ စားသောက်ရေးအခြေအနေနှင့် လက်သမား သင်တန်းသားများ၏ သင်တန်းသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

မုဒုံမြို့၌ ဆင်ဆာမဲ့ ခိုးကူးခွေများ သတိပေးတားမြစ်ချက် ရှင်းလင်းပွဲနှင့် မြေစိုက်ပိုစတာ စိုက်ထူပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့က ကြီးမှူး၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆင်ဆာမဲ့ ခိုးကူးခွေများ သတိပေး တားမြစ်ချက် ရှင်းလင်းပွဲနှင့် ဆင်ဆာမဲ့ ခိုးကူးခွေများ သတိပေးတားမြစ်ချက် မြေစိုက်ပိုစတာစိုက်ထူပွဲကို ဖေဖော်ဝါရီ ၇ရက်က မုဒုံမြို့နယ် ဗီဒီယို အခြေခံအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌက ဗီဒီယိုဥပဒေနှင့် လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဝင်းက ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဆင်ဆာမဲ့နှင့် ခိုးကူးခွေများ သတိပေး တားမြစ်ချက် မြေစိုက်ပိုစတာများကို မုဒုံမြို့နယ် မြို့မ(၁)ရပ်ကွက်၊ မြို့မ(၂) ရပ်ကွက်နှင့် မြို့မ(၄)ရပ်ကွက်တို့ရှိ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ရုံးများ၌ စိုက်ထူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ချောင်းကမ်းလယ်ကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲလတ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့ ပလိုင်းရွာ၌ အထက်တန်းကျောင်းခွဲဖွင့်

ရွှေဘို ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ပလိုင်းရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ပလိုင်းရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဆန်းဝင်း၊ ခရိုင်ဥက္ကဋ္ဌ ဦးအုန်းချိုနှင့် ရပ်မိရပ်ဖ ဦးဒီလုံးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါကျောင်း ဖွင့်ပွဲသို့ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အင်န်ဂျီအိုအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ထန်းတပင်၌ ထပ်ပိုးလွှာခင်း

ထန်းတပင် ဖေဖော်ဝါရီ ၂

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် မြို့သစ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၂ ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နိုင်ငံတစ်ဝန်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းဆွေးနွေး

မြောင် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်း မြောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းများ ဖတ်ကြားဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ရက်က မြောင်မြို့နယ် ပရိမ္မစံပြကျေးရွာ ထီးလှိုင်ရှင်စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဦးသိန်းက ကျေးလက်နေ ပြည်သူများ စာဖတ်စွမ်းရည်မြင့်မားစေရေးအတွက် စာဖတ်ဝိုင်းများ ကျင်းပဆွေးနွေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြား

ဆက်လက်၍ ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဦးသိန်းအေးက ဒို့ကျေးရွာဂျာနယ်အတွဲ(၄)၊ အမှတ်(၂၂)ပါ ပြည်ပနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် လွဲမှားနေသော တစ်ဖက်သတ်အမြင် ဆောင်းပါးကိုလည်းကောင်း၊ မောင်မျိုးမင်းသန်းက ဇန်နဝါရီ ၂၈ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါရှိန်းမြသင်း ရေးသားသည့် ပညာ့အလင်းဖြင့် နိုင်ငံ့အကျိုးပြုကြမည်ဆောင်းပါးများကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးသိန်းက ဖတ်ကြား ဆွေးနွေးကြသည့် ဆောင်းပါးအပေါ် ခြုံငုံသုံးသပ်၍ ပြန်လည် ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာဖတ်ပွဲအကျိုးကျေးဇူးများ ပေါင်မြို့၌ ရှင်းလင်း

ပေါင် ဖေဖော်ဝါရီ ၆

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက ပေါင်မြို့နယ် ကျွဲခြံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းမြနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြလင်းစိန်နှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်ပြည်သူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြလင်းစိန်က စာဖတ်ပွဲကျင်းပရခြင်း၏အကျိုးကျေးဇူးများကိုရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက လွတ်လပ်ရေးနေ့ ပြခန်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်ကောင်းစာကြည့်တိုက် နှစ်ပတ်လည်စည်းဝေး

ပဲခူး ဇန်နဝါရီ ၂၅

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥသာသီရိ ၇လမ်းတွင်ဖွင့်လှစ်ထားသော စစ်ကောင်းစာကြည့်တိုက်၏ နှစ်ပတ်လည် အစည်းအဝေးနှင့် စာကြည့်တိုက်ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် ညနေ ၆နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှ၊ အငြိမ်းစားဦးစီးအရာရှိ ဦးကြည်ဝင်းနှင့် ပဲခူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)တို့က အမှာစကားပြောကြားပြီး စာအုပ်စာတမ်းအလှူရှင်များနှင့် စာကြည့်တိုက်ရန်ပုံငွေများ စိုက်ထူလှူဒါန်းကြသည်။ **(ဝ၆ဝ)**

မြို့နယ် သတင်းများ

ဆင်ဖြူကျွန်းမြို့ အမှူးရွာအမက နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်၊ အာစရိယပူဇော်

ဆင်ဖြူကျွန်း ဇန်နဝါရီ ၂၇

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ အမှူးရွာ အခြေခံပညာမူလတန်းကျောင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန် ဆုပေးပွဲနှင့် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁နာရီကကျင်းပရာကျောင်း အကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာနွယ်က ပညာရေးမူဝါဒနှင့် သင်ကြားသင်ယူမှုကိုလည်းကောင်း၊ မိဘဆရာအသင်း ဘဏ္ဍာရေးမှူး ဦးအေးမောင်က ၂၀၀၆-၂၀၀၇ ခု ရသုံးငွေစာရင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စတုတ္ထတန်းမှ သူငယ်တန်းအထိ ပညာရည်ချွန်ကျောင်းသားကျောင်းသူများအား အနန္တဂုဏ်ရည် ဆရာတော် အရှင်ဝိနယနှင့် စေတနာရှင်များ၊ ကျောင်းကော်မတီဝင်များ ချီးမြှင့်သည့် ဆုများကို ဆရာမများက ပေးအပ်ကြသည်။ **(အောက်ပုံ)**

ယင်းနောက် ၂၀၀၇-၂၀၀၈ ခုအတွက် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ကို ဖွဲ့စည်းပြီး ဆရာ ဆရာမများနှင့် ကျောင်းကော်မတီဝင်များအား ကျောင်းသားကျောင်းသူများက ငွေကျပ် ၉၀၀၀ စီဖြင့် ကန်တော့ကြသည်။ **(က-ပ)**

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနား

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၌ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail Mgeladze နှင့် ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး **H.E. Dr. Mikhail Mgeladze** နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းနှင့် ဆောင်းပါးအညွှန်း

❒ တော်လိုက်တဲ့ အရောင်းသမား.... — ဘဝအမောပြေ — စာ – ၄

❒ တန်ရာတန်ကြေး ပေးဆပ်ရမည်သာ — ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း — စာ – ၅

❒ မော်လတာသမ္မတနိုင်ငံ — တိုး၏ သတင်းအက်ဆေး — စာ – ၇

❒ ခေတ်အဆက်ဆက်သော မြန်မာ့ဇာတ်သဘင်အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှု၊ တီထွင်ဆန်းသစ်မှုများကြောင့် ဇာတ်သဘင်လောကသည် ယနေ့တိုင် ပြည်သူများအကြား လူကြိုက်များ လန်းဆန်းနုပျိုနေဆဲဖြစ်။

မြင့်မောင်စိုး(မြန်မာ့အလင်း)၏ မျက်မှောက်ခေတ် ဇာတ်သဘင်လောကနှင့်သူတို့အမြင် — စာ – ၁၀